ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ နယုန်တန်ခူးလဆန်း ၁၄ ရက်၊ စနေနေ့၊ (3-4-2004) (၄၁၉၅)

ယနေ့ထုတ်စောင်ရေ ၁၉၇၀၁၅

အပ္ပမာဒေါ စ ဓမ္မေသု တော် မင်္ဂလ မုတ္တမံ။

တရား၌ မမေ့မလျော့ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ဆက်စပ်အကောင်အထည်ဖော်

☆ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတကာ ဖြစ်ပေါ်တိုးတက်မှုများနှင့် ဆက်စပ်အကောင်အထည်ဖော်သွားရမှာဖြစ်၊ သို့မှသာ ကျေးလက်ဒေသများအပါအဝင် နိုင်ငံတော်ကြီးတစ်ရပ်လုံး၏ ဖွံ့ဖြိုးတိုးတက်မှုမှာ ခိုင်မာမြင့်မားလာမှာဖြစ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ဟိုင်းကြီးကျွန်းဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေး ဟန်ချက်ညီညီ အားထည့်ထူထောင် နယ်မြေခံပြည်သူများအတွင်း မိမိတို့နိုင်ငံတော်ကို မိမိတို့ကိုယ်တိုင် ကာကွယ်လိုစိတ်ရှိရန်လို

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ်ငါးရပ်ကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဟိုင်းကြီးကျွန်းနှင့် ပတ်ဝန်းကျင်ဒေသတစ်ခုလုံး တိုးတက်ဖွံ့ဖြိုးလာအောင် ဆောင်ရွက်

ရန်ကုန် ဧပြီ ၂

ဧရာဝတီတိုင်း ပုသိမ်မြို့တွင် ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဧပြီ ၁ရက် နံနက် ၉နာရီခွဲတွင် ပုသိမ်မြို့မှ ငပုတောမြို့နယ် မော်တင်စွန်းရှိ မဟာမကုဋရုံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းဦးစီးဗိုလ်မှူးကြီး ဗိုလ်မှူးကြီးတင့်ဆွေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ **စာမျက်နှာ ၂၀ ကော်လံ ၁ သို့** ❁

ဒေသခံများ ကြိုဆို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များအား ဇလွန်မြို့တွင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံများက ကြိုဆိုကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၃–၅–၂၀၀၄
(စနေနေ့)

စီမံကိန်းရည်မှန်းချက်များ အောင်မြင်ရေး ဒေသအလိုက် အရှိန်အဟုန်မြှင့်တင် ကြိုးပမ်း

ယနေ့အချိန်အခါသည် နိုင်ငံတော်အစိုးရက ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းရင်းသားပြည်သူတို့၏စွမ်းအားဖြင့်ကြိုးပမ်းတည်ဆောက်နေသောကာလဖြစ်သည်။ အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာတောင့်တင်းစေရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားစေရေး ရည်မှန်းချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

နိုင်ငံတော်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပထမကာလတိုလေးနှစ်စီမံကိန်းနှင့် ဒုတိယကာလတို ငါးနှစ်စီမံကိန်းတို့ကို အကောင်အထည်ဖော်ခဲ့သည်။ အဆိုပါစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရာတွင် တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်ကြိုးပမ်းမှုဖြင့် စီမံကိန်းလျာထားချက်များ ပြည့်မီကျော်လွန်သည်အထိ အောင်မြင်မှုရရှိခဲ့ကြောင်း သိရသည်။

ယခုအခါ နိုင်ငံတော်၏စီးပွားရေး ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တတိယကာလတို ငါးနှစ်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ၂၀၀၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ၂၀၀၄–၂၀၀၅ ဘဏ္ဍာနှစ်၏ ကဏ္ဍအလိုက် လုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်က တစ်မျိုးသားလုံး၏ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး တိုးတက်စေရေးအတွက် ပြည်နယ်နှင့်တိုင်းများအလိုက် စီမံကိန်းရည်မှန်းချက်များကို ချမှတ်ပေးထားပြီးဖြစ်ရာ စီမံကိန်းလုပ်ငန်းများ အောင်မြင်ရေးအတွက် ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် တိုင်းရင်းသားပြည်သူများက အားကြိုးမာန်တက် ပါဝင်လုပ်ကိုင်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးသည် အဓိကအားဖြင့် ကျေးလက်အခြေခံသော လယ်ယာစီးပွားရေးစနစ်ဖြစ်သည်။ထို့ကြောင့်လယ်ယာကဏ္ဍထုတ်လုပ်မှုများ တိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးရေးဆိုင်ရာလိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးလျက်ရှိသည်။ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်သည့် စိုက်ပျိုးရေလုံလောက်စွာ ရရှိစေရန် ဆည်မြောင်းတာတမံ၊ ရေထိန်းတံခါးများကိုလက်ယှက်ထိုး ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်အစိုးရက ပြည်ထောင်စုတစ်ဝန်း ဆည်တမံပေါင်း ၁၅၈ ခုကို တည်ဆောက်ပေးခဲ့ရာ လယ်မြေဧက ၂၁ သန်းကျော်တွင် ရေသွင်းစိုက်ပျိုးနိုင်ရေး အကျိုးပြုလျက်ရှိသည်။ ဒေသ၏ရေ၊ မြေ အခြေအနေပေးမှုအလိုက် ဆည်တမံ၊ ရေထိန်းတံခါးများကိုသာမက မြစ်ရေတင်လုပ်ငန်း၊ မြေအောက်ရေရရှိရေး လုပ်ငန်းများကို စီမံတည်ဆောက်ပေးလျက်ရှိရာ သီးနှံစုံစိုက်ပျိုးမြေဧရိယာများတိုးပွားလာလျက်ရှိကြောင်း တွေ့ရသည်။

သာဓကအားဖြင့် နိုင်ငံတော်က စစ်ကိုင်းတိုင်းအတွင်း သဖန်းဆိပ်ဘက်စုံ ရေလှောင်တမံအပါအဝင် ဆည်တမံ ၂၈ ခု၊ မြစ်ရေတင်လုပ်ငန်း ၆၁ ခုတို့ကို တည်ဆောက်ပေးခဲ့သည်။ ယင်းကဲ့သို့ ရေရရှိရေး ကြိုးပမ်းဆောင်ရွက်ပေးမှု၏ အကျိုးရလဒ်အဖြစ် ယခင်က စိုက်ပျိုးမြေ ဧရိယာ ဧက ၂၈ သိန်းခန့်ရှိရာမှ ယခုအခါ စိုက်ပျိုးမြေဧက ၃၉ သိန်းကျော်အထိ တိုးတက်လာလျက်ရှိသည်။

ယခုအခါ စစ်ကိုင်းတိုင်းတွင် စပါးစိုက်ဧက ၁ ဒသမ ၈ သန်းခန့် စိုက်ပျိုးလျက်ရှိပြီး စပါးအထွက် သိသိသာသာ ပိုလျှံထွက်ရှိလာလျက်ရှိသည်။ စပါးနှင့် အခြားသော သီးနှံများဖြစ်သည့် ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံနှင့် ဝါသီးနှံများပါ တိုးတက်ထွက်ရှိလာသည့်အတွက် ယခုနှစ် စီးပွားရေးတိုးတက်မှုနှုန်းမှာ ၁၀ ရာခိုင်နှုန်းအထက် ရှိနိုင်ကြောင်း သိရှိရသည်။ နိုင်ငံတော်တစ်ရပ်လုံး၏ အမျိုးသားစီးပွားရေး တန်ဖိုးပမာဏ၌ ၁၂ ရာခိုင်နှုန်းခန့် အထောက်အကူပြုလျက်ရှိသည်။

ယခုကဲ့သို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာခြင်းသည် နိုင်ငံတော်အစိုးရ၏ မွန်မြတ်သောစေတနာဖြင့် ဖန်တီးပေးသော အခြေခံကောင်းများကို ဒေသ၌ရှိသည့် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများက ထိထိရောက်ရောက် အသုံးချပြီး ကုန်ထုတ်လုပ်မှုတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြ၍ ဖြစ်သည်။

သို့ဖြစ်ရာ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအားလုံးက နိုင်ငံတော်၏ စီမံကိန်းရည်မှန်းချက်များ အောင်မြင်စေရေးအတွက် ဘဏ္ဍာရေးနှစ်အစကာလမှ စတင်၍ အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ့ကုန်စည်ပြပွဲ–၂၀၀၄ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် Quartz International Co.,Ltd က စီစဉ်ခင်းကျင်းပြသသည့် မြန်မာ့နှစ်သစ်ကူးအကြို "မြန်မာ့ကုန်စည်ပြပွဲ–၂၀၀၄" ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန်ကုန်သွယ်မှုဇာတ်ရုံဌာန၌ကျင်းပသည်။

အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်ထွန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ၊မြို့နယ်လူမှုရေးအသင်းအဖွဲ့များ၊ Quartz International Co.,Ltd မန်နေဂျင်း ဒါရိုက်တာ ဒေါ်မြတ်သက်အေးနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့် မန်နေဂျင်းဒါရိုက်တာ ဒေါ်မြတ်သက်အေးတို့က "မြန်မာ့ကုန်စည်ပြပွဲ –၂၀၀၄"ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ထို့နောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များသည် ပြပွဲအတွင်း ပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ပြပွဲတွင် ပြည်တွင်းပြည်ပ ကုမ္ပဏီ ၃၅ခုမှ ပြခန်းပေါင်း ၄၅ခန်းပြသထားပြီး အဆိုပါ ပြခန်းများတွင် အလှကုန်နှင့် လူသုံးကုန်၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်၊ ပလတ်စတစ်၊ စားသောက်ကုန်၊ လျှပ်စစ်နှင့် အီလက်ထရောနစ်၊ ဆောက်လုပ်ရေး၊ အိမ်သုံးကုန်၊ စက္ကူ၊စာရေး ကိရိယာနှင့် ထုပ်ပိုးပစ္စည်း၊ အသေးစားစက်နှင့် စက်အရန်ပစ္စည်းအမျိုးမျိုး၊ တိုင်းရင်းဆေးနှင့် ဆေးဝါးပစ္စည်းအမျိုးမျိုးနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ပြသထားသည်။

ပြပွဲတွင် ပြသထားသည့် ပြခန်းများမှ ပြင်ဆင်မှုအလှဆုံးပြခန်းကို ဆုချီးမြှင့်မည်ဖြစ်ပြီး Star Entertainment Co.,Ltd မန်နေဂျင်းဒါရိုက်တာ ဂျွန်လွင်ဦးစီးသော အနုပညာရှင်များ၏ ကုန်ပစ္စည်း ကြော်ငြာသရုပ်ပြပွဲများ၊ တက်သစ်စ အနုပညာရှင်အဖွဲ့၏ ဖျော်ဖြေရေး အစီအစဉ်များကိုပါ ပူးတွဲကျင်းပမည် ဖြစ်သည်။

ပြပွဲကို ဧပြီ ၅ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၆နာရီအထိ ဖွင့်လှစ်ပြသထားမည်ဖြစ်ရာ မည်သူမဆိုအခမဲ့ လာရောက် ကြည့်ရှုလေ့လာဝယ်ယူနိုင်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ မော်ရိုကိုနိုင်ငံ သံအမတ်ကြီး ခန့်အပ်ရန် သဘောတူ

ရန်ကုန် ဧပြီ ၃

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ မော်ရိုကိုနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာ အယ်လ်ဟာဆန်ဇာဟစ်အားခန့်အပ်ရန် မော်ရိုကိုအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ အယ်လ်ဟာဆန်ဇာဟစ်သည် ၁၉၅၀ပြည့်နှစ်တွင် ဖိစ်မြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ရာဘတ်မြို့ရှိ အမျိုးသားအုပ်ချုပ်မှုကျောင်းမှ မဟာဘွဲ့ရရှိခဲ့သည်။ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး ဒူဆယ်လ်ဒေါ့ဖ်မြို့နှင့် နယူးယောက်မြို့ရှိ မော်ရိုကိုသံရုံးများ၌ ရာထူး အဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာ အယ်လ်ဟာဆန်ဇာဟစ်သည် ဗန်ကောက်မြို့တွင် ရုံးစိုက်နေထိုင်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့လည်း ပူးတွဲတာဝန်ယူထမ်းဆောင်မည်ဖြစ်သည်။

မစ္စတာ အယ်လ်ဟာဆန်ဇာဟစ်သည် အိမ်ထောင်သည် တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးရှိသည်။

(သတင်းစဉ်)

မြန်မာ့နှစ်သစ်ကူးအကြို မြန်မာကုန်စည်ပြပွဲ–၂၀၀၄တွင် လူလေးမီးစက်နှင့် ဂက်စ်မီးဖိုအရောင်းဆိုင်မှ အရည်အသွေးမြင့် ယိုကိုဟားမားအိမ်သုံးလက်ဆွဲမီးစက်များနှင့် မီးစက်အပိုပစ္စည်းများကို အထူးလျှော့ဈေးဖြင့်ရောင်းချပေးလျက်ရှိရာ လေ့လာကြည့်ရှုဝယ်သူများဖြင့် စည်ကားနေစဉ်။

(က–ပ)

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

(၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြု တပ်မတော်ဆေးတပ်ဖွဲ့သို့ ခုတင်အလုံး ၁၀၀လှူဒါန်း

ရန်ကုန် ဧပြီ ၂

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရွှေသံလွင်ကုမ္ပဏီလီမိတက်မှ ဥက္ကဋ္ဌ ဦးကျော်ဝင်းကိုယ်စား မိခင်ဖြစ်သူ သီဟသုဓမ္မသိင်္ဂီ သီရိသုဓမ္မသိင်္ဂီ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်နီ၊ သားသမီးမြေးတစ်စုက တပ်မတော်ဆေးတပ်ဖွဲ့တွင် အသုံးပြုရန်အတွက် ငွေကျပ် ၂၅၀၀၀၀၀၀ တန်ဖိုးရှိ ဆေးရုံသုံးလူနာခုတင်အလုံး ၁၀၀လှူဒါန်းပွဲကို မတ် ၂၅ရက် မွန်းလွဲ ၂နာရီတွင် တပ်မတော်အသည်းရောဂါအထူးကုဆေးရုံကြီး၌ ကျင်းပရာ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသန်းအောင် တက်ရောက်လက်ခံ၍ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသန်းအောင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သစ္စာလေးပါးတရား ဟောကြားတော်မူမည်

ရန်ကုန် ဧပြီ ၂

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ဘိုးဘဘုန်းတော်ကြီးကျောင်း၌ ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ၊ မကွေးတိုင်းတောင်တွင်းကြီးမြို့နယ် ဆတ်သွားတောကျေးရွာ စည်ပင်သာယာကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ (၃၄၀)၌ ဧပြီ ၂၀ရက်မှ ၂၆ရက်အထိ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ နယ်လှည့်ဓမ္မကထိက အရှင်မာဃိန္ဒက သစ္စာလေးပါးတရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ (က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

စီးပွား/ ကူးသန်းဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံအား တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

ရန်ကုန် ဧပြီ ၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံအား ရန်ကုန်မြို့၌ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ လယ်သမားနေ့စဉ် သတင်းစာ အယ်ဒီတာအဖွဲ့ အဖွဲ့ဝင် Mr. Liu Zhanmian ခေါင်းဆောင်သည့် တရုတ်သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ဝင်များက ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ဝန်ကြီး၏ ညွှန့်ခန်း၌ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ (သတင်းစဉ်)

တရုတ်-မြန်မာ နှစ်နိုင်ငံသတင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး တွေ့ဆုံဆွေးနွေး

ရန်ကုန် ဧပြီ ၂

တရုတ်-မြန်မာ နှစ်နိုင်ငံ သတင်းလောကအကြား အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှု တိုးပွားလာစေရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လယ်သမားနေ့စဉ်သတင်းစာ အယ်ဒီတာအဖွဲ့-အဖွဲ့ဝင် Mr. Liu Zhanmian ခေါင်းဆောင်၍ အဖွဲ့ဝင်ခြောက်ဦးပါဝင်သော တရုတ်သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့သည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက် ၈နာရီတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ စေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် တရုတ်သတင်းစာဆရာ ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ပြည်လမ်းနှင့် အလုံလမ်းထောင့်ရှိ ပြည်ထောင်စုအေးရိပ်ငြိမ်သို့ သွားရောက်လေ့လာကြသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် တရုတ်သတင်းစာဆရာကိုယ်စားလှယ် အဖွဲ့ဝင်များသည် နံနက် ၁၀နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းအား ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ The New Light of Myanmar သတင်းစာတိုက်ညွှန့်ခန်းမ၌ လာရောက် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာသို့ ပြန်ကြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်များ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းညွှန်ကြားရေးမှူး(သတင်း)၊ စာတည်းမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တရုတ်-မြန်မာ နှစ်နိုင်ငံ သတင်းဆိုင်ရာ အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှု တိုးပွားလာစေပြီး ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖလှယ်ရေးကိစ္စများ ဆွေးနွေးကြသည်။

မြန်မာ့အလင်း

ယင်းနောက် တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁) အမှတ်(၅၃)ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတိုက်သို့ သွားရောက်လေ့လာကြရာ စာတည်းမှူးချုပ် ဦးရဲမြင့်ဖေနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ညွှန့်ခန်းမ၌ စာတည်းမှူးချုပ်က မြန်မာ့အလင်းသတင်းစာ ထုတ်လုပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သတင်းစာတိုက်ရှိ လုပ်ငန်းများကို လိုက်လံရှင်းလင်းပြသသည်။

ထိုမှတစ်ဆင့် တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ Oriental House စားသောက်ဆိုင်၌ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က တည့်ခင်းညွှန့်ခံသည့် ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တရုတ်သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်က မိတ်ဆက်စကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌက တရုတ်သတင်းစာဆရာကိုယ်စားလှယ် အဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ဂုဏ်ပြုနေ့လယ်စာဖြင့် တည့်ခင်းညွှန့်ခံသည်။

ညပိုင်းတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းက တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည့်ခင်းညွှန့်ခံသည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးမောင်အောင်အား ယူအင်န်အက်ဖ်ပီအေမှ ဒါရိုက်တာတွေ့ဆုံ

ရန်ကုန် ဧပြီ ၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်အား UNFPA Headquarters, New York မှ Director of Asia and the Pacific Division Mr. Sultan A. Aziz သည် အဖွဲ့ဝင်နှစ်ဦး လိုက်ပါလျက် ယနေ့နံနက် ၁၀နာရီတွင် ဝန်ကြီးများရုံးရှိ ဒုတိယဝန်ကြီး၏ ညွှန့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ ထိုသို့ တွေ့ဆုံရာတွင် ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမင်း၊ ညွှန်ကြားရေးမှူး ဒေါ်ခင်မေအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

တွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ပြည့်စုံအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ လယ်သမားနေ့စဉ်သတင်းစာ အယ်ဒီတာအဖွဲ့-အဖွဲ့ဝင် Mr.Liu Zhanmian ခေါင်းဆောင်သော အဖွဲ့ဝင်များ တွေ့ဆုံစဉ်။
(သတင်းစဉ်)

ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့ သမ္မတနိုင်ငံ လယ်သမား နေ့စဉ်သတင်းစာ အယ်ဒီတာအဖွဲ့-အဖွဲ့ဝင် Mr. Liu Zhanmian ခေါင်းဆောင်သော အဖွဲ့ဝင်များက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းအား တွေ့ဆုံစဉ်။
(သတင်းစဉ်)

ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ လယ်သမားနေ့စဉ် သတင်းစာ အယ်ဒီတာအဖွဲ့-အဖွဲ့ဝင် Mr. Liu Zhanmian ခေါင်းဆောင်သောအဖွဲ့ဝင်များအား မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ဂုဏ်ပြုနေ့လယ်စာဖြင့် တည့်ခင်းညွှန့်ခံပွဲတွင် ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။ (သတင်းစဉ်)

ဧပြီ ၁ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့ရသည့် အမေရိကန် ဟမ်းဗီး စစ်ယာဉ်အနီး၌ အီရတ် ခုခံတိုက်ခိုက်ရေးသမားတစ်ဦး အောင်ပွဲခံနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံအတွင်းသို့ ဒဗလျူအမ်ဒီ လက်နက်များကို အမေရိကန်တင်သွင်း အွမ်ကာဆာဆိပ်ကမ်း၌ ကန်ကုန်သင်္ဘောများပေါ်မှ တိတ်တဆိတ်ချခဲ့

ဘဂ္ဂဒက် ဧပြီ ၂

အမေရိကန်တပ်ဖွဲ့များသည် အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့အနီးရှိ ပင်လယ်ဆိပ်ကမ်းတွင် ဒုံးကျည်များ၊ ဓာတုနှင့် ဇီဝလက်နက်ပြုလုပ်နိုင်သည့် ပစ္စည်းများနှင့် နျူကလီးယားလက်နက်တို့ကို အမေရိကန် ကုန်သင်္ဘောများပေါ်မှနေ၍ သယ်ချခဲ့ကြကြောင်း အတ္တဘာ အယ်လ်ခါလီးဂျ် သတင်းစာက မကြာသေးမီက ရေးသားဖော်ပြသည်။

သယ်ချ

အမေရိကန်တပ်ဖွဲ့များသည် အရှုံရာဘာသာရေးပွဲတော်ကာလအတွင်း ဘာဆာရာမြို့အနီးရှိ အွမ်ကာဆာ ပင်လယ်ဆိပ်ကမ်းတွင် ရပ်နားထားသော အမေရိကန် ကုန်တင်သင်္ဘောများပေါ်မှနေ၍ အစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များ (ဒဗလျူအမ်ဒီ)ကို သယ်ချခဲ့ကြောင်း အီရတ် သယ်ယူပို့ဆောင်ရေး ဝန်ကြီးဌာန သတင်းရပ်ကွက်ကို ကိုးကားလျက် အဆိုပါ သတင်းစာက ရေးသားဖော်ပြသည်။

ဘာဆာရာတွင် အဓိကရုဏ်းများ ဖြစ်ပွားခြင်း၊ လူအများအပြား ဒဏ်ရာရရှိသော ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခြင်းစသည့် ဖြစ်ရပ်များနှင့်အတူ ရှုပ်ထွေးမှုများ ဖြစ်ပေါ်နေပြီး အီရတ်ပြည်သူလူထုအနေဖြင့် အရှုံရာ ဘာသာရေးပွဲတော်တွင် အာရုံစိုက်နေချိန်၌ အစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များကို အီရတ်နိုင်ငံအတွင်းသို့ တိတ်တဆိတ် တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း အတ္တဘာအယ်လ်ခါလီးဂျ် သတင်းစာက ရေးသားဖော်ပြသည်။

တိတ်တဆိတ်သွင်းယူ

အီရတ်နိုင်ငံတောင်ပိုင်း၌ အင်အား အလုံးအရင်းဖြင့် စခန်းချထားသော ဗြိတိသျှတပ်ဖွဲ့များနှင့် ညှိနှိုင်းကာ အမေရိကန်တပ်ဖွဲ့က ဒဗလျူအမ်ဒီ လက်နက်များကို အီရတ်နိုင်ငံအတွင်းသို့ တိတ်တဆိတ်သွင်းယူခဲ့ကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင်များသည် အဆိုပါ လက်နက်များကို သင်္ဘောများပေါ်မှနေ၍ တိတ်တဆိတ် ချနိုင်ရန် ပင်လယ်ဆိပ်ကမ်း အနီးတစ်ဝိုက်ဒေသများ၌ လုံခြုံရေးစီမံချက်များကို တင်းတင်းကျပ်ကျပ် ဆောင်ရွက်ခဲ့ပြီး ညအမှောင်ထုကို အကာအကွယ်ယူကာ လုပ်ဆောင်ခဲ့ကြောင်း သတင်းစာက ရေးသားဖော်ပြသည်။ အီရတ်နိုင်ငံတွင် ကြားဖြတ်ဖွဲ့စည်းပုံ အခြေခံဥပဒေလက်မှတ်ရေးထိုးမည့် အစီအစဉ်နှင့် ချိန်ကိုက်ကာ ဒဗလျူအမ်ဒီလက်နက်များကို အီရတ်နိုင်ငံအတွင်းသို့ တိတ်တဆိတ် သွင်းယူခဲ့ကြောင်း သတင်းစာက ဆက်လက်ဖော်ပြသည်။

ဝယ်ယူခဲ့

ဒဗလျူအမ်ဒီ လက်နက်များအနက် လက်နက်အချို့ကို ၁၉၈၀ပြည့်လွန်နှင့် ၁၉၉၀ပြည့်လွန်ကာလအတွင်း အမေရိကန်တွင် ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ လက်နက်များကို ဆက်ဒမ်ဟူစိန်အစိုးရက ဝယ်ယူခဲ့ပြီး ယင်းလက်နက်များကို ဖျက်သိမ်းခဲ့ပြီး ဖြစ်သည်ဟု ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးများက အစောပိုင်းတွင် ပြောကြားခဲ့ကြောင်း၊ ဒဗလျူအမ်ဒီ လက်နက်အချို့ကိုမူ အရှေ့ဥရောပနှင့် ရုရှားတွင် ပြုလုပ်ခဲ့ကြောင်း သတင်းစာက ရေးသားသည်။

အီရတ်နိုင်ငံအတွင်းသို့ ခိုးကြောင်ခိုးဝှက် တင်သွင်းခဲ့သော ဒဗလျူအမ်ဒီ လက်နက်များကို မည်သည့်နေရာသို့ ဆက်လက်ပို့ဆောင်သည်ကို မသိရှိရကြောင်း သတင်းစာက ရေးသားသည်။ ***အင်တာနက်။***

လမ်းဘေးဗုံးပေါက်ကွဲ ကန်တပ်ဖွဲ့ဝင်ငါးဦးသေဆုံး

ဘဂ္ဂဒက်(အီရတ်) မတ် ၃၁

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက် အနောက်ပိုင်း အယ်လ်အန်ဘာဒေသတွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်တန်း ဖြတ်သန်းစဉ် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးသေဆုံးသွားကြောင်း အပေါင်းပါတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားလိုက်သည်။

အမေရိကန် တပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်တန်းသည် ဘဂ္ဂဒက်မြို့တော်အနောက်ဘက် ကီလိုမီတာ ၉၀ အကွာရှိ ဟာဘန်နီယာရှိ အမေရိကန်တပ်ဖွဲ့ အခြေစိုက်စခန်းတွင် အိမ်လုပ်ဗုံးပေါက်ကွဲမှုကြောင့် တပ်ဖွဲ့ဝင်ငါးဦး သေဆုံးခဲ့ကြောင်း ဒုတိယဗိုလ်ချုပ်ကြီး မက်ကင်းမစ်က သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားသည်။ ***အင်တာနက်။***

ဖော်လူဂျာမြို့အနီး အမေရိကန်ယာဉ်တန်း တိုက်ခိုက်ခံရ အမေရိကန်စစ်ဘက် ဟမ်းဗီးကား မီးလောင်

ဖော်လူဂျာ ဧပြီ ၁

အီရတ်နိုင်ငံ ဖော်လူဂျာမြို့အနီးတွင် ကြာသပတေးနေ့က အမေရိကန်စစ်ဘက်ယာဉ်တန်းကို ပြောက်ကျားတိုက်ခိုက်သဖြင့် ဟမ်းဗီးကားတစ်စီး မီးလောင်သွားသည်ဟု မျက်မြင်တွေ့ရှိသူများက ပြောဆိုသည်။

အမေရိကန် အရပ်သားလေးဦးကို ဖော်လူဂျာမြို့၌ သတ်ဖြတ်ပြီး နောက်တစ်ရက်တွင် ယင်းသို့ဖြစ်ပွားခြင်းဖြစ်သည်။ ကြာသပတေးနေ့က တိုက်ခိုက်မှုတွင် ထိခိုက်သေဆုံးမှု ရှိ၊မရှိ ရှင်းရှင်းလင်းလင်း မသိရသေးဟုဆိုသည်။

ဖော်လူဂျာမြို့တွင်းသွားသည့် လမ်းများတွင် ခေတ္တအသွားအလာ ရပ်ဆိုင်းသွားသော်လည်း ယင်းသို့ တိုက်ခိုက်ခံရခြင်း ဟုတ်၊မဟုတ် အတည်ပြုပြောဆိုနိုင်ခြင်း မရှိကြောင်း အမေရိကန်အရာရှိများက ပြောဆိုသည်။

ပေါက်ကွဲမှုနှစ်ခုဖြစ်ပွား

မြို့ပြင်ဘက် မိုင်အနည်းငယ်အကွာတွင် တိုက်ခိုက်ခြင်းဖြစ်သည်ဟု ဒေသခံ အီရတ်တစ်ဦးဖြစ်သူအာမက်က ပြောကြားသည်။ ဘဂ္ဂဒက်မြောက်ဘက်၌ အမေရိကန်တပ်များ စောင့်ကြပ်သည့် လောင်စာဆီသယ်လာသောယာဉ်တန်းအနီးတွင် ကြာသပတေးနေ့ကပင် ပေါက်ကွဲမှုနှစ်ခု ဖြစ်ပွားသဖြင့် အနည်းဆုံးအီရတ်တစ်ဦး ဒဏ်ရာ ရရှိသွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောဆိုသည်။

အမေရိကန် တပ်ဖွဲ့ဝင်များက ဒဏ်ရာရသူတစ်ဦးကို သံချပ်ကာကားအတွင်းရှိ လူနာတင် ထမ်းစဉ်ပေါ်တွင် တင်နေသည်ကို အေပီရုပ်မြင်သံကြားက ရိုက်ကူးပြသသည်။

ထိုအတောအတွင်း ဖော်လူဂျာမြို့နှင့် လမ်းဘေးစစ်ဆေးရေးဂိတ်များတွင် အီရတ်ရဲများရှိနေပြီး မြို့တွင်း၌ အမေရိကန်တပ်ဖွဲ့ဝင်များကို မမြင်တွေ့ရဟုဆိုသည်။ ဈေးဆိုင်များနှင့် စာသင်ကျောင်းများလည်း ဖွင့်ထားသည်။

အခြေအနေမှာ ဗုဒ္ဓဟူးနေ့ကနှင့် ကွာခြားသည်။ ဗုဒ္ဓဟူးနေ့ကမူပြောက်ကျားများက အမေရိကန် ကန်ထရိုက်များစီးနင်းသည့် ပြိုင်ကားများကို ချုံခိုတိုက်ခိုက်ပြီးနောက် အောင်ပွဲခံသည့် လူအုပ်ကြီးက အမေရိကန် ကန်ထရိုက်လေးဦး၏ ခန္ဓာကိုယ်အစိတ်အပိုင်းတို့ကို လမ်းပေါ်တွင်တရွတ်ဆွဲသည့်ပြင် နှစ်ဦး၏ အလောင်းကို တံတားတွင် ဆွဲပြထားသည်။ ***အင်တာနက်။***

ကန် အရပ်သားလေးဦး အီရတ်၌ သတ်ဖြတ်ခံရမှု အမေရိကန်တို့ များစွာတုန်လှုပ်သွားရ

ဝါရှင်တန် ဧပြီ ၁

အမေရိကန် အရပ်သားကန်ထရိုက်လေးဦး အီရတ်၌ ရက်ရက်စက်စက် အသတ်ခံရခြင်းကို အမေရိကန်အစိုးရက အပြစ်တင်သည်။ ယင်းမှာ ကြောက်မက်ဖွယ် တိုက်ခိုက်မှုဖြစ်သည်ဟု အမေရိကန်သမ္မတ အိမ်ဖြူက ကြေညာလိုက်သည်။

အသေအပျောက်အများဆုံးနေ့

တိုက်ခိုက်ရေးသမားများက အမေရိကန် ကန်ထရိုက်လေးဦးအား ဖော်လူဂျာမြို့၌ ပစ်သတ်ပြီး ၎င်းတို့ စီးနင်းလာသည့် ကားအတွင်း၌ပင် မီးရှို့လိုက်သည်။ ကြာသပတေးနေ့ကပင် ဖော်လူဂျာမြို့အနီး၌ ဗုံးခွဲတိုက်ခိုက်သဖြင့် အမေရိကန် တပ်ဖွဲ့ဝင်ငါးဦး သေဆုံး သွားသည်။ ဘာဆာရာမြို့တွင် ဗြိတိန်တပ်ဖွဲ့ဝင်များ လိုက်ပါလာသည့်ကားကို ဗုံးခွဲတိုက်ခိုက်သဖြင့် တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရသွားသည်။ ယင်းသို့ တိုက်ခိုက် ခြင်းမှာ ရက်သတ္တများစွာအတွင်း အီရတ်၌ အမေရိကန်နှင့် အပေါင်းပါတို့ အသေအပျောက် အများဆုံးနေ့တစ်နေ့ ဖြစ်သည်ဟု သိရသည်။ ***အင်တာနက်။***

ဧပြီ၁ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် အီရတ်တို့က စစ်ဆန့်ကျင်ရေးဆန္ဒပြကြရာမှ အဓိကရုဏ်း ဖြစ်ပွားပြီး ပြေးလွှားနေသည့် အီရတ်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

တတိယမြောက်အာကာသခရီးသည် လုပ်ငန်းရှင်ကိုရွေးချယ်

ဝါရှင်တန် ဧပြီ ၁

ကမ္ဘာ့ တတိယမြောက် အာကာသခရီးသည်အဖြစ် အမေရိကန် စီးပွားရေးလုပ်ငန်းရှင် ဂရက်ဂျာရီအော်ဆင်းအား ရုရှားအာကာသယာဉ်နှင့်အတူ လိုက်ပါရန်ရွေးချယ်လိုက်ပြီဖြစ်သည်။

အသက် ၅၈နှစ်အရွယ်ရှိ သန်းကြွယ်သူဌေးအော်ဆင်းသည် ၎င်း၏ တစ်ပတ်ကြာ အာကာသခရီးစဉ်အတွက် ဒေါ်လာသန်း ၂၀ ကုန်ကျမည်ဖြစ်သည်။

ကမ္ဘာ့မြေပြင်အထက်မှ ကမ္ဘာအား အပေါ်စီးမှ ရှုမြင်ပြီး အာကာသယာဉ်မှူးများနှင့်အတူ မျှဝေခံစားရင်း အော်ဆင်းသည် စီစဉ်ထားသည့်အတိုင်း အားလုံးအဆင်ပြေမည်ဆိုလျှင် ၂၀၀၅ ခုနှစ်ဧပြီလတွင်ဘိုက်ကိုနော အာကာသစခန်းမှ ထွက်ခွာမည်ဖြစ်သည်။ ***စီအက်ဖ်အိုင်။***

အီရတ်တွင် အမေရိကန်နှင့်အပေါင်းပါများအား တိုက်ခိုက်မှု ပိုမိုပြင်းထန်လာ

မတ် ၃၀ ရက်က အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် လုံခြုံရေးစောင့်ကြပ်နေသည့် ဗီဂျီတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်သတင်းစာ အယ်ဟော်ဇာကို အမေရိကန်ဦးဆောင်သည့် အုပ်ချုပ်ရေးအဖွဲ့က ပိတ်ပစ်လိုက်သည်ကို မကျေနပ်သည့် အီရတ်ပြည်သူများ မတ် ၃၀ ရက်က ဆန္ဒပြနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၁ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့အနီး အဝေးပြေးလမ်းမပေါ်တွင် မီးလောင်ကျွမ်းနေသည့် အမေရိကန် ဟမ်းဗီးစစ်ကားတစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မတ် ၃၁ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် မီးလောင်နေသည့် ကားတစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ကြေးမုံ

အီရတ်
မြင်ကွင်း

မတ် ၃၁ ရက်က ဖော်လူဂျာမြို့တွင် တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ကားတစ်စီး မီးလောင်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့မြောက်ဘက်ရှိ အမေရိကန်စစ်ယာဉ်တန်း တိုက်ခိုက်ခံခဲ့ရသည့်နေရာကို ဧပြီ ၁ ရက်က အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်စုံစမ်းစစ်ဆေးရေးမှူးများ စစ်ဆေးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဓမ္မရက္ခိတစာသင်တိုက် ဒုလ္လဘရဟန်းခံပွဲ

ရန်ကုန် ဧပြီ ၂

မော်လမြိုင်မြို့ ဈေးချိုတောင်ဝိုင်းရပ်ကွက် ဓမ္မရက္ခိတစာသင်တိုက်၏ ငါးကြိမ်မြောက် စုပေါင်း ဒုလ္လဘရှင်ပြုရဟန်းခံ၊ သီလရှင်ဝတ်ပွဲကို ဧပြီ ၄ရက် မွန်းလွဲ၂နာရီတွင် စုပေါင်းဆံချမင်္ဂလာ ပြုလုပ်မည်ဖြစ်သည်။ တရားအားထုတ်လိုသူများ၊ ဒုလ္လဘဝတ်လိုသူများ နယ်လှည့်သာသနာပြု မော်လမြိုင်တောင်ဝိုင်း ဆရာတော် ချင်းတွင်းအရှင်ကလျာဏထံ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ခြိုးခြံချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

မြန်မာနိုင်ငံနှင့် ကုန်းလမ်းပို့ဆောင်ရေး

အောင်စည်ဟိန်း

ကမ္ဘာပေါ်တွင် ပို့ဆောင်ရေးနည်းလမ်း (Modes of Transport) အနေနှင့် မြေပြင်ပို့ဆောင်ရေး (Land Transportation)၊ လေကြောင်းပို့ဆောင်ရေး (Air Transportation)၊ ရေကြောင်းပို့ဆောင်ရေး (Water Transportation)၊ ပိုက်လိုင်းများဖြင့် ပို့လွှတ်ရေး (Pipelines) ဟူ၍ လေးမျိုးရှိရာ နည်းလမ်းတိုင်းတွင် အားနည်း၊ အားသာချက်များရှိကြသည်ချည်း ဖြစ်ပါသည်။ မြေပြင်ပို့ဆောင်ရေး နည်းလမ်းများအနက် မော်တော်ယာဉ်ကို အသုံးပြုရသည့် ကုန်းလမ်းပို့ဆောင်ရေးသည် တောင်ပေါ်မြေပြန့်၊ မြေပေါ် မြေအောက်၊ ချောင်းကြိုမြောင်းကြားနှင့် အိမ်ကြို အိမ်ကြားပါ မကျန် လှုပ်ရှားနိုင်ပြီး အိမ်တိုင်ရာရောက် ပို့ပေးနိုင်သည့် အင်္ဂါရပ်များနှင့် ပြည့်စုံသည့်အတွက် စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးသမိုင်းကို ပြန်ကြည့်လျှင် စက်မှုနိုင်ငံများက ၁၈ ရာစုအတွင်း ကုန်ကြမ်းထွက်ရှိရာဒေသများမှ စက်ရုံအလုပ်ရုံရှိရာ ဒေသများသို့လည်းကောင်း၊ စက်ရုံအလုပ်ရုံရှိရာ ဒေသများမှ ကုန်ပို့ဆိပ်ကမ်းများနှင့် စားသုံးသူရှိရာ ဒေသများသို့လည်းကောင်း ကုန်စည်နှင့် လုပ်သားများကို ပို့ဆောင်နိုင်ခဲ့သည်။ ၁၉ ရာစု အစပိုင်းတွင် ရေနွေးငွေ့သုံးအင်ဂျင်များ ပေါ်ခဲ့ပြီး ၁၈၆၇ ခုနှစ်၌ ရေနွေးငွေ့သုံး လမ်းကြိတ်စက်ပေါ်ခဲ့ရာမှ ကျောက်ချောလမ်းများ ခေတ်စားလာခဲ့သည်။ နှစ်ဆယ်ရာစုတွင်မူ ဓာတ်ဆီ၊ ဒီဇယ်သုံးအင်ဂျင်များနှင့်အတူ ကတ္တရာခင်းလမ်းများ ပေါ်ထွန်းလာခဲ့သဖြင့် ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍ တစ်ဟုန်ထိုးတိုးတက်ခဲ့သည်။ အထူးသဖြင့် စစ်မက်ရေးရာကို အကြောင်းပြု၍ နိုင်ငံအတွင်းသာမက နယ်စပ်ဖြတ်ကျော်ပြီး ဥရောပ၊ အမေရိက၊ အာဖရိက၊ အာရှ စသည့် တိုက်ကြီးများအလိုက် ကားလမ်းကွန်ရက်များ ပေါ်ပေါက်ခဲ့ကြောင်းတွေ့ရသည်။ ထို့အပြင် ပို့ဆောင်ရေးဆိုင်ရာကော်မရှင်နှင့် အုပ်ချုပ်ရေးဘုတ်အဖွဲ့ကိစ္စရပ်များ၊ လမ်းနှင့်တံတားဆိုင်ရာ ဥပဒေစည်းမျဉ်းစည်းကမ်းများ၊ ဗဟိုအစိုးရနှင့် ဒေသန္တရဆိုင်ရာ ငွေကြေးကိစ္စရပ်များ၊ အာမခံနှင့် အသက်ကယ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ စက်မှုနှင့် နည်းပညာဆိုင်ရာကိစ္စရပ်များ၊ ပို့ဆောင်ရေးဆိုင်ရာ ရဲတပ်ဖွဲ့ကိစ္စရပ်များ၊ စွမ်းအင်နှင့် ဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ ပို့ဆောင်ရေးသမိုင်းပြတိုက်ဆိုင်ရာကိစ္စရပ်များလည်း ကျယ်ပြန့်လာခဲ့ကြောင်း တွေ့ရပါသည်။ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို ရှေးရှု၍ ၁၉၃၉ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ နှစ်ပေါင်း ငါးဆယ်ခန့်အတွင်း ကုန်းလမ်း ပို့ဆောင်ရေးကဏ္ဍတွင် ထူးထူးခြားခြား တိုးတက်တည်ဆောက်နိုင်ခဲ့သည့် နိုင်ငံအချို့ကို နိုင်ငံအကျယ်အဝန်းများနှင့် နှိုင်းယှဉ်လေ့လာပါက ဇယား(၁)ပါအတိုင်း တွေ့ရှိရမည်ဖြစ်ပါသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကားလမ်းတိုးတက် တည်ဆောက်နိုင်မှု အခြေပြဇယားကို လေ့လာခြင်းအားဖြင့် တိုးတက်မှု အရှိန်အဟုန်ကောင်းမွန်သည့်နိုင်ငံများနှင့် တိုးတက်မှုအရှိန်အဟုန် နှေးကွေးသည့် နိုင်ငံများအကြား ကွာဟချက်များကို တွေ့ရှိနိုင်ပါသည်။ အဓိကအားဖြင့် ကမ္ဘာ့နိုင်ငံရေး အတွေ့အကြုံ ကွာဟချက်၊ နိုင်ငံတကာဆက်ဆံရေး မူဝါဒကွာဟချက်၊ ကမ္ဘာ့သမိုင်းဖြတ်သန်းချိန် ကွာဟချက်၊ ဓနအင်အားကွာဟချက်နှင့် စစ်ဘေးစစ်ဒဏ်ခံစားရမှု ကွာဟချက်များကို လေ့လာတွေ့မြင်နိုင်မည် ဖြစ်ပါသည်။

ဇယား(၁)

နိုင်ငံ	နိုင်ငံအကျယ်အဝန်း ဧရိယာစတုရန်းကီလိုမီတာ	၁၉၃၉ ခုနှစ် ကားလမ်းကီလိုမီတာ	၁၉၈၈ ခုနှစ် ကားလမ်းကီလိုမီတာ
ဗြိတိန်	၂၄၄၇၉၆	၂၉၁၂၇၇	၃၅၂၂၉၂
အမေရိကန်	၉၃၆၃၃၅၃	၄၉၃၂၄၁၀	၆၂၃၃၃၀၈
ပြင်သစ်	၅၄၇၀၂၆	၆၃၄၀၅၂	၈၀၅၀၇၀
ဂျာမနီ	၃၅၆၅၁၇	၄၂၃၂၃၇	၄၉၃၅၉၀
အီတလီ	၃၀၁၂၂၅	၂၈၁၆၂၂	၃၀၁၈၄၆
ဆွစ်ဇာလန်	၄၁၂၈၈	၁၆၀၉၂	၇၁၀၅၅
ဩစတြေးလျ	၇၆၈၆၈၁၀	၇၈၂၁၀၄	၈၅၂၉၈၆
အိန္ဒိယ	၃၂၆၈၀၉၀	?	၁၅၅၄၂၀၀
တရုတ်	၉၅၆၁၀၀၀	?	၉၈၂၂၀၀
ဂျပန်	၃၇၂၀၇၇	?	၁၁၀၄၂၈၂
တောင်ကိုရီးယား	၉၈၄၇၇	?	၅၅၇၇၈

မှတ်ချက်။ ။ ဂျာမနီ၏ ၁၉၈၈ ခုနှစ် ကားလမ်းအရှည်တွင် အရှေ့ဂျာမနီအတွင်းရှိ ကားလမ်းအရှည် မပါဝင်ပါ။

၁၉၈၈ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ဆယ်နှစ်ခန့်ကာလအတွင်း အာဆီယံနိုင်ငံများ၏ ကားလမ်း တိုးတက်တည်ဆောက်နိုင်မှု အခြေအနေကိုလည်း ဇယား(၂)ပါအတိုင်း လေ့လာတွေ့ရှိနိုင်ပါသည်-

ဇယား(၂)

နိုင်ငံ	နိုင်ငံအကျယ်အဝန်း ဧရိယာစတုရန်းကီလိုမီတာ	၁၉၈၈ ခုနှစ် ကားလမ်းကီလိုမီတာ	၁၉၉၇ ခုနှစ် ကားလမ်းကီလိုမီတာ
အင်ဒိုနီးရှား	၁၉၁၉၀၀၀	၂၁၉၀၀၉	၃၈၆၀၀၀
ထိုင်း	၅၁၄၀၀၀	၇၇၆၀၉	၂၅၆၀၀၀
ဗီယက်နမ်	၃၃၁၀၀၀	၆၅၀၀၀	၂၀၉၀၀၀
ဖိလစ်ပိုင်	၃၀၀၀၀၀	၁၅၇၄၄၈	၁၆၁၀၀၀
မလေးရှား	၃၃၀၀၀၀	၄၀၀၉၄	၆၅၀၀၀
ကမ္ဘောဒီးယား	၁၈၁၀၀၀	?	၃၄၀၀၀
မြန်မာ	၆၇၇၀၀၀	၂၃၀၆၇	၃၀၀၀၀
လာအို	၂၃၇၀၀၀	?	၂၂၀၀၀
စင်ကာပူ	၆၅၀	၂၆၄၄	၃၁၀၀
ဘရူနိုင်း	၅၇၇၀	?	၂၄၇၀

မြန်မာနိုင်ငံ၏ ကားလမ်းသမိုင်းကို လေ့လာပါက မိုးကောင်း-ဖားကန့်နယ်မြေနှင့် မိုးကုတ်-သပိတ်ကျင်းနယ်မြေတို့မှ စတင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ ခရစ်မပေါ်မီ (ဘီစီ-၂၀၆)ခန့်ကပင် တရုတ်လူမျိုးနှင့် ချင်းတိုင်းရင်းသားများ မိုးကောင်းအနီး ပယင်းကျောက်မိုင်းများ တူးဖော်ခဲ့ကြကြောင်း၊ နောက်ပိုင်းရာစုများတွင် ကျောက်စိမ်းနှင့် ပတ္တမြားမြေများ ပေါ်ထွက်လာခဲ့ပြီး ကျောက်မျက်ကို အဓိကထားသော ကုန်သွယ်ဖလှယ်မှုများကြောင့် လား၊ မြင်းလမ်းနှင့် ဆင်ဝန်တင်၊ နွားဝန်တင်လမ်းများ၊ လှည်းလမ်းများ တစ်စတစ်စ တိုးချဲ့ခဲ့ကြောင်း သိရသည်။ နောက်ပိုင်းတွင် ပဒေသရာဇ်၊ ဧကရာဇ်ခေတ် အဆက်ဆက် စစ်ချီလမ်းများ ပေါ်ပေါက်ခဲ့ပါသည်။ ၁၈၉၄ ခုနှစ်တွင်မူ ဗြိတိသျှအစိုးရက ပြည်သူ့လုပ်ငန်းဌာန (Public Works Department) ကို စတင်ဖွဲ့စည်းကာ ခေတ်မီနည်းပညာဖြင့် လမ်းဖောက်လုပ်ရေး လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်ကာလတွင် ဗြိတိသျှနှင့် မဟာမိတ်တို့က အိန္ဒိယ-မြန်မာ-ယူနန် (တရုတ်)အပိုင်းကို ကားလမ်းတိုးချဲ့ခဲ့ပြီး ဂျပန်တို့က မြန်မာ-ထိုင်းနယ်စပ်အပိုင်းကို ကားလမ်းတိုးချဲ့ခဲ့ပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ပြည်ထောင်စုလမ်းမကြီးများအဖြစ် ရန်ကုန်-ပျဉ်းမနား-မန္တလေးလမ်း၊ ရန်ကုန်-ပြည်-မကွေး-မြင်းခြံလမ်း၊ မန္တလေး-လားရှိုး-မူဆယ်လမ်း၊ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံလမ်း၊ တောင်ငူ-လွိုင်ကော်-ဟိုပုံးလမ်း၊ မူဆယ်-ဗန်းမော်-မြစ်ကြီးနား-မိုးကောင်းလမ်း၊ မန္တလေး-ရွှေဘို- ကလေးဝလမ်းနှင့် ပဲခူး-မော်လမြိုင်-ထားဝယ်-မြိတ်လမ်း ဟူ၍ လမ်းရှစ်လမ်းပေါ်ထွန်းခဲ့သည်။ သို့သော် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသည့် ပြည်တွင်းရောင်စုံ သောင်းကျန်းမှုများကြောင့် ကားလမ်းတိုးချဲ့ရေးလုပ်ငန်းများ ဖင့်နွှဲခဲ့ကြောင်း တွေ့ရှိရသည်။ စာရင်းချုပ်ကြည့်သည့် အခါ ၁၉၅၁ ခုနှစ်တွင် ကားလမ်း ကီလိုမီတာ ၉၀၂၃ (မြေလမ်းမပါ)ရှိခဲ့ပြီး ၁၉၈၇ ခုနှစ်တွင် ကားလမ်း ကီလိုမီတာ ၁၇၂၉၀ (မြေလမ်းမပါ) ရှိခဲ့ရာမှ ၂၀၀၃ ခုနှစ်တွင် ကားလမ်း ကီလိုမီတာ ၂၃၇၇၉ (မြေလမ်းမပါ)အထိ တိုးတက်ခဲ့ကြောင်း တွေ့ရပါမည်။

မြန်မာနိုင်ငံသည် မြေဧရိယာအားဖြင့် အင်ဒိုနီးရှားပြီးလျှင် အရှေ့တောင်အာရှဒေသတွင် အကြီးမားဆုံးဖြစ်ပြီး ကုန်းပိုင်းတွင် အိမ်နီးချင်းငါးနိုင်ငံနှင့်လည်း ဆက်စပ်လျက်ရှိနေပါသည်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် ထူထောင်ရန် ကြိုးပမ်းဆဲကာလလည်း ဖြစ်ပါသည်။ လူ့ခန္ဓာကိုယ်နှင့်နှိုင်းလျှင် သွေးပြန်ကြော၊ သွေးလွှတ်ကြောများနှင့်တူသော ပို့ဆောင်ရေးကွန်ရက်များကို တောင်ပေါ် မြေပြန့် နယ်မြေချင်းဆက်စပ် တည်ဆောက်ပေးနေချိန်လည်း ဖြစ်ပါသည်။ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ပါက ထပ်မံဖောက်လုပ်ရဦးမည့် ကားလမ်းပမာဏကိုလည်း ခန့်မှန်းနိုင်မည် ဖြစ်ပါသည်။ ရှိပြီးလမ်းများ ပုံမှန်ကြံ့ခိုင် ထိန်းသိမ်းနိုင်ရေး၊ လမ်းများအဆင့်မြှင့်တင်နိုင်ရေး၊ အခြားအာဆီယံနိုင်ငံများအပြင် တရုတ်၊ အိန္ဒိယ စသည့် နိုင်ငံများနှင့်ပါ ကားလမ်းဖြင့် ကုန်သွယ်မှုတိုးချဲ့သွားနိုင်ရေးစသည့် လုပ်ငန်းစဉ်များသည် စက်အား၊ ပစ္စည်းအား၊ ငွေအား၊ လူအား စသည့် အရင်းအနှီးကြီးမားသော လုပ်ငန်းများဖြစ်သည့်အားလျော်စွာ ကမ္ဘာပေါ်တွင် မြေဧရိယာကျဉ်းသော်လည်း ကားလမ်း ကွန်ရက်ထူထောင်ထားရှိမှု အကြီးမားဆုံးဟု စံတင်ရမည့် ဂျပန်နိုင်ငံကို စံနမူနာယူ၍ တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်၏ ကုန်းလမ်းပို့ဆောင်ရေးဆိုင်ရာ စီမံကိန်းများ မြန်မြန်ဆန်ဆန်ပြီးမြောက်အောင်မြင်ရေးတွင် အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။ ။

ဧပြီ ၁ရက်က ၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ကဗျာနှင့် အနုပညာပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက ကျင်းပသည့် ဂုဏ်ပြုစစ်ချီ စစ်ရေးတေးသီချင်းများ ရေးသားစပ်ဆိုခဲ့ကြသည့် ဂီတစာဆိုပညာရှင်ကြီးများအား ဂုဏ်ပြုပွဲတွင် ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က ဂီတစာဆိုပညာရှင်ကြီးအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်စဉ်။ (သတင်းစဉ်)

ပထမအကြိမ်မိုးကုတ်ဝိပဿနာ ငါးရက်အလုပ်ပေး စခန်းတရားပွဲ

ရန်ကုန် ဧပြီ ၂

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ကုလားတန်း သုံးအိမ်အုပ်စု ကုလားတန်းကျေးရွာ ဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တ ဓမ္မိကသည် ကျေးရွာအုပ်စု သံဃနာယက ဥက္ကဋ္ဌ ဂိုဏ်းချုပ်ဆရာတော် ကျောင်းကြီးတွင် ဧပြီ ၄ ရက်မှ ၈ ရက်ထိ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပြီး ရန်ကုန်မိုးကုတ် အဖွဲ့ချုပ်ကြီး၏ နယ်လှည့်ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ကွင်းကျောင်းစာသင်တိုက် နာယက စာချဖြစ်သော ဦးကောသလ္လနှင့် ဦးပဏ္ဍဝတို့က သစ္စာလေးပါး ပဋိစ္စသမုပ္ပါဒ် တရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၄-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ မြန်မာသကြန်
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ **ဆရာတော်ဦးဃောသိတ တရားတော် "ရှည်လျားတဲ့ဘဝသံသရာ"**
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀ ၅။ မြန်မာသကြန်
၄:၄၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် - Hypothesis Testing I (စီးပွားရေး၊စီးပွားစီမံ)
၅:၃၀ ၉။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
၆:၄၀ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မောင့်ရွှေနဖာစုး မယ့်ရွှေနဖူးစာ" အပိုင်း(၂၁)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပြည်သူ့တရားရှင်၊ မေတ္တာတရား" အပိုင်း(၄)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ

ဆက်ကပ်လှူဒါန်းပူဇော်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် ရောဝတီတိုင်း ငပုတောမြို့နယ် မဟာမကုဋရုံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်အား ပန်း၊ ဆီမီး၊ ရေချမ်းတို့ ဆက်ကပ်လှူဒါန်းပူဇော်စဉ်။ (သတင်းစဉ်)

မဟာသုဝဏ္ဏကျောင်းတိုက် တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၂

သုဝဏ္ဏမြို့ မဟာသုဝဏ္ဏကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်တွင်း ၁၀ရက်တရားစခန်းပွဲကို ဧပြီ ၈ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားဘာဝနာပွားများအားထုတ်လိုကြသည့် ယောဂီပုဂ္ဂိုလ်များနှင့်စခန်းရက်အတွင်း ကုသိုလ်ဒါနပြုလိုကြသည့် ပါရမီရှင်များသည် သုဝဏ္ဏမြို့ မဟာသုဝဏ္ဏကျောင်းတိုက်ဖုန်း–၅၇၇၀၁၅သို့ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။(က–ပ)

ဟိုင်းကြီးကျွန်းဒေသအတွင်း သွားရေးလာရေးလွယ်ကူချောမွေ့စေရေး လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်အောင် အကောင်အထည်ဖော်

★ **ကျောဖုံးမှ**

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဟိုင်းကြီးကျွန်းသို့ ရောက်ရှိကြရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးအေးဖေနှင့် တပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ဟန်ချက်ညီညီ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှင့် အဖွဲ့ဝင်များအား ဧည့်ရိပ်သာ၌ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်းနှင့်နယ်မြေခံတပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ရောဝတီတိုင်း ငပုတောမြို့နယ် မဟာမကုဋရုံသီဆံတော်ရှင်မြတ်မော်တင်စေတီတော် ဓမ္မာရုံ၌ ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နယ်မှ ဗိုလ်မှူးကြီးအေးဖေတို့က ဟိုင်းကြီးကျွန်းဒေသနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဟိုင်းကြီးကျွန်းဒေသသည် နိုင်ငံတော်၏ ပင်လယ်ပြင် နယ်နိမိတ်နှင့်ဆက်စပ်တည်ရှိနေသော ဒေသဖြစ်ရာ ယင်းဒေသ၌ တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေး၊ အုပ်ချုပ်မှုစနစ်မှန်ကန်ခိုင်မာရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့ကို ဟန်ချက်ညီညီ အားထည့်ထူထောင်ရန်လိုအပ်ကြောင်း။

နယ်မြေခံပြည်သူများအတွင်း၌ နိုင်ငံတော် လုံခြုံရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုကြီးကို မြတ်နိုးတွယ်တာသောစိတ်ဓာတ်များ ရှင်သန်ကိန်းအောင်းနေပြီး မိမိတို့နယ်မြေ၊မိမိတို့နိုင်ငံတော်ကို မိမိတို့ကိုယ်တိုင် ကာကွယ်လိုစိတ်ရှိကြရန်လိုကြောင်း။

နိုင်ငံတော်အပိုင်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို အားဖြည့်စီမံဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ အထူးသဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ်ငါးရပ်ကို လက်တွေ့ကျကျ ထိထိရောက်ရောက် အကောင်အထည်ဖော်သွားခြင်းဖြင့် ဟိုင်းကြီးကျွန်းနှင့် ပတ်ဝန်းကျင်ဒေသတစ်ခုလုံး တိုးတက်ဖွံ့ဖြိုးလာအောင် လုပ်ကိုင်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ဒေသအတွင်း သွားရေးလာရေးလွယ်ကူချောမွေ့စေရေးအတွက် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်အောင် ဒေသခံပြည်သူများနှင့် ပူးပေါင်းအကောင်အထည်ဖော်သွားကြရန်လည်း လိုအပ်ကြောင်း။

ဟိုင်းကြီးကျွန်းဒေသ ဖွံ့ဖြိုးရေးကိုသာမက ဆက်စပ်နေသော ပတ်ဝန်းကျင် နယ်မြေဒေသ ဖွံ့ဖြိုးရေးကိုပါ အကောင်အထည်ဖော်သွားရန်ဖြစ်ကြောင်း၊ နယ်မြေဒေသများ ဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးကိုလည်း အချိတ်အဆက်မိမိ အကောင်အထည်ဖော်သွားကြရမှာဖြစ်ကြောင်း။

ဆက်စပ်အကောင်အထည်ဖော်

ထို့အတူ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း နိုင်ငံတကာဖြစ်ပေါ်တိုးတက်မှုများနှင့် ဆက်စပ်အကောင်အထည်ဖော်သွားရမှာဖြစ်ကြောင်း၊ သို့မှသာ ကျေးလက်ဒေသများအပါအဝင် နိုင်ငံတော်ကြီးတစ်ရပ်လုံး၏ ဖွံ့ဖြိုးတိုးတက်မှုမှာ ခိုင်မာမြင့်မားမှာဖြစ်ကြောင်းဖြင့် လမ်းညွှန်မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဟိုင်းကြီးကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ➪

ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ရောဝတီတိုင်း ငပုတောမြို့နယ် မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်ဓမ္မာရုံ၌ ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

➪ စာမျက်နှာ ၇ မှ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မွန်းလွဲပိုင်းတွင် ပုသိမ်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဖူးမြော်ကြည်ညို

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် ၉နာရီခွဲတွင် ပုသိမ်မြို့ သာသနာ့ဗိမာန်တော်ကြီးသို့ သွားရောက်ကြပြီး ပုသိမ်မြို့ပေါ်ရှိ ကျောင်းတိုက်များမှ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိုင်းနှင့်မြို့နယ် သံဃနာယက ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြသည်။

ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုသည့် အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့နှင့် ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များ၊ သာသနာ့အကျိုးတော်ဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့တွဲဖက်အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု ညောင်တုန်းဆရာတော် ဘဒ္ဒန္တ ဩသဓာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။



ဆက်ကပ်လှူဒါန်း

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒေါ်ကြိုင်ကြိုင်တို့သည် သက်တော်(၉၇)နှစ် သိက္ခာတော်(၇၇)ဝါရှိ နိုင်ငံတော် ဩဝါဒါစရိယ ကမ္ဘာအေးကျောင်းတိုက်ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒရအား ပရိက္ခရာရှစ်ပါး၊ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်တော်၊ ဆီတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အဖွဲ့ဝင်များသည် ဆရာတော်ကြီးများအား ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ညောင်ပင်သာကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိသုတက အနုမောဒနာတရား ချီးမြှင့်တော်မူရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် ပုသိမ်မြို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဇလွန်မြို့သို့

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပုသိမ်မြို့မှ ဇလွန်မြို့သို့ ရောက်ရှိကြရာ ဗိုလ်မှူးကြီးဘိုနီနှင့် တပ်မတော်အရာရှိများ၊ ဟင်္သာတခရိုင်နှင့် ဇလွန်မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ကြိုဆိုကြသည်။ ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီးသို့ ရောက်ရှိကြပြီး ဘုရားကြီးအား ဆွမ်း၊ သစ်သီး၊ ဆီမီး၊ ပန်း၊ ရေချမ်း၊ နံ့သာတို့ဖြင့် ဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒေါ်ကြိုင်ကြိုင် ဧရာဝတီတိုင်း ဇလွန်မြို့ရှိ မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီးအား ဆွမ်း၊ သစ်သီး၊ ဆီမီး၊ ပန်း၊ ရေချမ်း၊ နံ့သာတို့ဖြင့် ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ဧရာဝတီတိုင်း ပုသိမ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ပုသိမ်မြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပွဲ အခမ်းအနားတွင် ဆရာတော်ကြီးအား ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အဖိတ်နေ့

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။

သူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အ

အဖိတ်နေ့နှိုးဆော်ချက်

င်အပေါင်းတို့-

သာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြ
ဝိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရောဝတီတိုင်း ဇလွန်မြို့ရှိ မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီးအား ရွှေသင်္ကန်းတော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

င်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကြသည်။ ယင်းနောက် ဗိုလ်ချုပ်မှူးကြီး င်နှင့် အဖွဲ့ဝင်များသည် မာရ်အောင်မြင် ကြီးသို့ ရောက်ရှိကြပြီး ဘုရားကြီးအား ရချမ်း၊ နံ့သာတို့ဖြင့် ဆက်ကပ်လှူဒါန်း၍

ရွှေသင်္ကန်းဆက်ကပ်

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီးအား ရွှေသင်္ကန်းတော်ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီး ဂေါပကအဖွဲ့၏ ညွှန့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြပြီး အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။

တွေ့ဆုံမှာကြား

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ဧပြီ ၁ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့ အနောက်တောင်တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမဆောင်၌ ပုသိမ်တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြား နှုတ်ဆက်သည်။ (သတင်းစဉ်)

အလှူငွေများ ပေးအပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ရောဝတီတိုင်း ဇလွန်မြို့ရှိ မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

အီးပီအစီအစဉ် တရားဝင်စတင်

ရန်ကုန် ဧပြီ ၂

ပြည်ထောင်စုမြန်မာနိုင်ငံ အီလက်ထရောနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ (e-National Task Force) ၏ လမ်းညွှန်မှု၊ Myanmar ICT Development Corp, Ltd ၏ ပူးပေါင်းပါဝင်မှုဖြင့် e-Government Pilot Projects များဖြစ်ကြသော e-Visa၊ e-Passport၊ Smart Card၊ Smart School၊ Certification Authority များကို အကောင်အထည်ဖော်နေပြီဖြစ်ရာ ယင်းစီမံကိန်းများနည်းတူ အစိုးရလုပ်ငန်းဌာနများ၏ ဝယ်ယူမှုများအတွက် ပိုမိုလျင်မြန် ထိရောက်အကျိုးရှိစေနိုင်မည့် e-Procurement Project ကို ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် စတင်စမ်းသပ် အသုံးပြုနိုင်ရန်အတွက် e-Procurement အစီအစဉ် တရားဝင်စတင်ခြင်း အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ (MICT Park)၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံ အီလက်ထရောနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (MICTDC)ဥက္ကဋ္ဌ e-Application Committee ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သိန်းဆွေ၊ ပြည်ထောင်စု မြန်မာနိုင်ငံ အီလက်ထရောနစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့-အဖွဲ့ဝင်များ၊ e-Procurement Project ကို စတင်ဆောင်ရွက်မည့် ဝန်ကြီးဌာနများအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်တွင်းပြည်ပ ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

e-Procurement စနစ်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွက် တိုင်းပြည်၏ e-Commerce အကောင်အထည်ဖော်နိုင်မှု လမ်းကြောင်းတွင် အခြေခံကျသော ကဏ္ဍတစ်ရပ်အဖြစ် ရပ်တည်လျက်ရှိပြီး ကုန်ပစ္စည်းဝယ်ယူရေးလုပ်ငန်းများကို ပိုမိုမြန်ဆန်မှန်ကန်စွာ ကုန်ကျစရိတ်သက်သာစွာနှင့် ကုန်ထုတ်လုပ်မှုစွမ်းရည်များ တိုးတက်လာစေရန် စီမံခန့်ခွဲ လုပ်ဆောင်သွားနိုင်စေခြင်းဖြင့် နိုင်ငံနှင့် ပြည်သူများ၏ အကျိုးစီးပွား တိုးတက်ပွားများစေနိုင်မည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃-၄-၂၀၀၄ (စနေနေ့)

၁၃၆၅ခုနှစ်၊နှောင်းတန်ခူးလဆန်း ၁၄ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ စားကြမယ်ဟော့ကောင်းကောင်း
၈:၀၅ ၆။ ရုပ်သေးကြိုးဆွဲပြိုင်ပွဲ
၈:၂၀ ၇။ ရွှေလောင်းတံတား
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Happy and Educational English Summer Course MRTV (Junior Class-I)
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁:၂၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ နက်ရှိုင်းမေတ္တာ(အပိုင်း-၂၉)**
၂:၀၀ ၇။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၂:၁၅ ၈။ **"ကျေးဇူးတင်ပါတယ် ဒီအိုဒီအက်စ်" (လွင်မိုး၊ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ခင်သန်းနွယ်) (ဒါရိုက်တာ-စိုးကျော်ဆန်း)**
၂:၃၀ ၉။ သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေး ဂုဏ်ပြုအစီအစဉ်(၁)
၂:၄၅ ၁၀။ International News.
၃:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English For Everyday Use.
၄:၄၅ ၄။ အကပဒေသာ
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅:၁၅ ၆။ တေးဂီတအစီအစဉ်
၅:၂၅ ၇။ ချစ်စရာ့အရွယ်ကစားကြမယ်
၅:၄၅ ၈။ စားကြမယ်ဟော့ကောင်းကောင်း
၆:၀၀ ၉။ ရွှေတိဂုံစေတီတော် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနား (၆-၄-၁၉၉၉)
၆:၃၀ ၁၀။ ညနေခင်းသတင်း
၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၂။ Discovery
၇:၂၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ မိုးမြေဆုံးစေတော့ကွယ် (အပိုင်း-၃၂) (ဇာတ်သိမ်းပိုင်း)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **မြန်မာဗီဒီယိုဇာတ်လမ်း "နှောင်ကြိုး၏ လက်ဆောင်" (အပိုင်း-၁) (လွင်မိုး၊အောင်လွင်၊နန္ဒာလှိုင်) ဒါရိုက်တာ-မောင်မျိုးမင်း (ရင်တွင်းဖြစ်)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ပုသိမ်မြို့ အနောက်တောင်တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမဆောင်၌ ပုသိမ်တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း ခရီးသည်တင်ယာဉ်(ဘတ်စ်ကား)များအား ထိရောက်စွာ အရေးယူဆောင်ရွက်ခဲ့သဖြင့် ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ လျော့နည်းကျဆင်းသွားသည်ကို တွေ့ရှိရပါသည်။ ယခုအခါတွင် ဌာနဆိုင်ရာယာဉ်နှင့် TAXI အငှားယာဉ်များမှာလည်း ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းလာသည်ကို တွေ့ရှိရပါသည်။ ကိုယ်ပိုင်ယာဉ်များမှာမူ ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းလာမှု မရှိသေးကြောင်း တွေ့ရှိရပါသဖြင့် ယာဉ်တိုက်မှုမဖြစ်အောင် ထိန်းသိမ်းမောင်းနှင်ကြရန်နှင့် ယာဉ်တိုက်မှု ဖြစ်ပွားပါက ပြစ်ဒဏ်သတ်မှတ်ချက်များအား မည်သည့်နည်းနှင့်မျှ ကင်းလွတ်ခွင့်ပြုမည်မဟုတ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ကြီးအုံ-ကြီးဝ ရေလှောင်တမံ မုန်းချောင်းရေလွှဲမြောင်း တည်ဆောက်ခြင်းလုပ်ငန်းတွင် စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သားငါးဖွံ့ဖြိုး ပြည်သူအကျိုး

နိုင်ငံတော်က အားထားရသည့် တိုင်းကြီးခြောက်တိုင်းတွင် မကွေးတိုင်းလည်း ပါဝင် ဒေသများအားလုံး ဒေသတွင်း စိုက်ပျိုးရေးကဏ္ဍ တိုးတက်သည်ထက်တိုးတက်ရေးဆောင်ရွက်မှုဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် နိုင်ငံသားအားလုံးက ဝိုင်းဝန်းကြိုးပမ်း

ရန်ကုန် ဧပြီ ၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ဧပြီ ၁ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာကြရာ နံနက် ၇ နာရီခွဲတွင် မကွေးမြို့သို့ ရောက်ရှိကြသည်။

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်မှူးကြီး ဇော်မင်း၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများက မကွေးလေဆိပ်၌ ကြိုဆိုကြသည်။

ကြီးအုံ-ကြီးဝ ရေလှောင်တမံ

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူ မြို့နယ်အတွင်း တည်ဆောက်လျက်ရှိသည့် ကြီးအုံ-ကြီးဝ ရေလှောင်တမံ စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ရှင်းလင်းခန်းမ၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃) ညွှန်ကြားရေးမှူး ဦးထွန်းအောင်လွင်က ကြီးအုံ-ကြီးဝ ရေလှောင်တမံ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းပြီးစီးပါက နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၃၀၀ ထုတ်လွှတ်နိုင်မည့် အခြေအနေနှင့် လုပ်ငန်းဆိုင်ရာလိုအပ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်းဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မိမိတို့သည် တည်ဆောက်ရေးဆိုင်ရာ အတွေ့အကြုံများ၊ အရည်အချင်းများ ထိုက်သင့်သလောက် ရရှိနေကြပြီဖြစ်ရာ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုကြရသည့် လုပ်ငန်းသုံးယန္တရားများ၊ ပစ္စည်းများ၊ စက်သုံးဆီများကို အတတ်နိုင်ဆုံး အလေအလွင့် အဖိတ်အစဉ် ဆုံးရှုံးမှု မရှိရလေအောင် သုံးစွဲလုပ်ကိုင်သွားကြရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများအားလုံး အရည်အသွေးစံချိန်စံညွှန်းနှင့်အညီ မြန်မြန်ဆန်ဆန်ပြီးစီး အသုံးပြုနိုင်ရေးအတွက် ဝန်ထမ်းတိုင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရမည့်အပြင် စိတ်ဓာတ်ပိုင်းဆိုင်ရာ ကောင်းမွန်ရေးအတွက် ဌာနဆိုင်ရာအကြီးအကဲများက ဆင့်ကဲဆင့်ကဲ ကြီးကြပ်ကွပ်ကဲသွားကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကြီးအုံ-ကြီးဝ ရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်သည့် ရေစိမ့်တားနံရံ ကာကွယ်ခြင်းလုပ်ငန်းနှင့် မုန်းချောင်းရေလွှဲမြောင်း တည်ဆောက်ခြင်းလုပ်ငန်းတို့တွင် စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။

ကြီးအုံ-ကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်းကို မကွေးတိုင်း ပွင့်ဖြူမြို့နယ်၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များက မုန်းချောင်းရေအားလျှပ်စစ် စီမံကိန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်များအား သစ်သီးခြင်းလက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)

ပွင့်ဖြူမြို့နယ်ရှိ မဲဇလီရေလွှဲဆည်၏ အထက်ဘက် ငါးမိုင်ခန့်အကွာ၊ စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်း၏ အောက်ဘက် ၁၅မိုင်ခန့်အကွာ ဝန်လိုကျေးရွာအနီး မုန်းချောင်း၌ အမြင့်ပေ ၁၆၄ပေ၊ အလျားပေ ၃၂၈၀ ရှိ ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။

ရေအားလျှပ်စစ်

မုန်းချောင်းရေလှောင်တမံမှ လျှပ်စစ်ဓာတ်အားအတွက် ထုတ်လွှတ်ပေးသော ရေကို ရေလှောင်တမံနှစ်ခုအကြား ရေဆင်းဇရိယာအတွင်းမှ စီးဆင်းသောရေနှင့်ပေါင်းပြီး ထိန်းညှိကာ ကြီးအုံ-ကြီးဝ ရေလှောင်တမံမှ တစ်ဆင့် ရေအားလျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၆၀ ထုတ်လွှတ်နိုင်ရန်နှင့် မဲဇလီရေလွှဲဆည်၏ တူးမြောင်းများမှတစ်ဆင့် လယ်မြေများအား စိုက်ပျိုးရေပေးဝေနိုင်ရန်ရည်ရွယ်ကာ ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။

ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် မုန်းချောင်း၏ ရေစီးရေလာများကို ပိုမိုထိန်းသိမ်းသိုလှောင်နိုင်မည်ဖြစ်သည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မကွေးတိုင်း စေတုတ္တရာမြို့နယ်ရှိ ဘူးရွာရေလှောင်တမံ စီမံကိန်းလုပ်ငန်းသို့ ရောက်ရှိကြရာ ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈) ညွှန်ကြားရေးမှူး ဦးမြင့်သန်းက စီမံကိန်းဆိုင်ရာ အကြိုလုပ်ငန်းများဆောင်ရွက်နေမှု၊ လမ်းအုကြောင်း၊ တမံအုကြောင်းရှာဖွေထားမှု၊ တမံတည်ဆောက်မည့် ဧရိယာအတွင်း တောရှင်းပြီးစီးမှု၊ ဘူမိဗေဒအနေအထားအရ စမ်းသပ်တွေ့ရှိချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူး(ဒီဇိုင်း၊ပုံထုတ်) ဦးခင်မောင်ချစ်၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်းဝင်းနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)က လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဘူးရွာရေလှောင်တမံ စီမံကိန်းကို မကွေးတိုင်း စေတုတ္တရာ မြို့နယ် မုန်းချောင်းရေလှောင်တမံ အထက်ဘက် ၁၃မိုင်ခန့်အကွာ ဘူးရွာအနီးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိန်းညှိထုတ်လွှတ်ပေးရန်

အလျားပေ ၆၈၀၀၊ အမြင့်ပေ ၂၄၀ ရှိကာ မုန်းချောင်း၏ ရေစီးရေလာများကို အသုံးပြု၍ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ကာ လျှပ်စစ်ဓာတ်အား ထုတ်ယူအသုံးပြုရန်နှင့် တည်ဆောက်ဆဲ မုန်းချောင်းရေလှောင်တမံ စီမံကိန်းမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန် ရေကို ထိန်းညှိ ထုတ်လွှတ်ပေးရန်ဖြစ်သည်။

စီမံကိန်းပြီးစီးပါက တပ်ဆင်လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀ (၂၀ မဂ္ဂါဝပ် × ၃လုံး)မှ နှစ်စဉ်ပျမ်းမျှ ကီလိုဝပ် နာရီသန်းပေါင်း ၃၀၀ ထုတ်လုပ်နိုင်မည့်အပြင် မုန်းချောင်းရေအားလျှပ်စစ် စီမံကိန်းနှင့် ကြီးအုံ-ကြီးဝရေအားလျှပ်စစ် စီမံကိန်းသို့ လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်ရရှိရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့●



နိုင်ငံတော်လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ မုန်းချောင်းရေလှောင်တမံဘက်စုံ စီမံကိန်း လုပ်ငန်းခွင်အတွင်း ရေအားလျှပ်စစ်ဥမင်လိုဏ်အတွင်းပိုင်းနှင့် ရေလှိုင်ထိန်းစည် ဆုံသည့်နေရာအား ကွန်ကရစ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မုန်းချောင်းရေလှောင်တမံမှ လယ်မြေဧက ၁၀၈၀၀၀ကို ရေပေးနိုင်မည့်အပြင် လျှပ်စစ်ဓာတ်အား နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီသန်းပေါင်း ၃၃၀ ထုတ်ပေးနိုင်မည်

● စာမျက်နှာ ၁၀ မှ

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မကွေးတိုင်း မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်းရေလှောင်တမံဘက်စုံစီမံကိန်းလုပ်ငန်းခွင်သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များအား လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မုန်းချောင်းရေအားလျှပ်စစ်စီမံကိန်း၏ ၇၅မဂ္ဂါဝပ်ရှိ ရေအားလျှပ်စစ်ပိုင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့ ကဏ္ဍအလိုက်ခွဲဝေတာဝန်ယူဆောင်ရွက်နေမှု၊ ၂၅မဂ္ဂါဝပ်အင်အားရှိ စက်သုံးလုံးတွင် စက်အမှတ်(၁)နှင့် စက်အမှတ်(၃) တို့မှာ လက်ရှိအခြေအနေတွင် ရေရှိပါက ဓာတ်အားထုတ်လုပ်နိုင်သော အဆင့် စက်တပ်ဆင်ပြီးစီးမှု၊ စက်အမှတ်(၂) တပ်ဆင်မှုကို ယခုဧပြီလအတွင်းပြီးစီးအောင် စက်များတပ်ဆင်နေမှု အခြေအနေ၊ အမှတ်(၂) ဖိအားမြှင့်ပိုက်လိုင်းလုပ်ငန်း အချိန်မီပြီးစီးရေး ဆည်မြောင်းဦးစီးဌာနနှင့် ညှိနှိုင်းစီစဉ်ထားမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေက မုန်းချောင်းရေအားလျှပ်စစ်စီမံကိန်း၏ ၇၅မဂ္ဂါဝပ်ရှိ ရေအားလျှပ်စစ်ပိုင်းဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိတို့ရေအားလျှပ်စစ်ဦးစီးဌာနက ဆောင်ရွက်သည့် လုပ်ငန်းများအနက် ရေယူအဆောက်အအုံ(Power Intake Structure) တွင် ဒိုက်ကာ (Trash Rack) နှင့် ရေတံခါးများ (Gates) တွင် အသုံးပြုမည့် သံထည်ပစ္စည်းတပ်ဆင်ခြင်း လုပ်ငန်းပြီးစီးမှု၊ ရေလွှဲဥမင်လိုဏ်တွင် ရေတံခါးနှင့်ဆက်နွယ်သည့် အစိတ်အပိုင်းများ၌ သံထည်ပစ္စည်းတပ်ဆင်ခြင်းလုပ်ငန်းပြီးစီးမှု၊ ဖိအားမြှင့်ဥမင်လိုဏ် (Power Tunnel) အတွင်း သံမဏိပိုက် (Steel Penstock) တပ်ဆင်ခြင်း လုပ်ငန်းပြီးစီးမှု၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းနှင့် တာဘိုင်/ဂျင်နရေတာစက်များ တပ်ဆင်ခြင်း လုပ်ငန်းပြီးစီးမှု၊ ဓာတ်အားပေးစက်ရုံ အောက်ဘက်စက်ရုံ ရေထုတ်မြောင်း(Tailrace) တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှုနှင့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေတို့ကို ရုပ်ပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)ညွှန်ကြားရေးမှူး ဦးမြင့်သန်းက မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိတို့ ဆည်မြောင်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ရေစီမံ့တားနံရံတည်ဆောက်ခြင်းလုပ်ငန်း၊ ပင်မတမံနှင့် ကုန်းကျောတမံ(၁)၊(၂) တည်ဆောက်ခြင်းလုပ်ငန်း၊ ရေလွှဲဥမင်လိုဏ်တည်ဆောက်ခြင်းလုပ်ငန်း၊ ရေအားလျှပ်စစ်ဥမင်လိုဏ်တည်ဆောက်ခြင်းလုပ်ငန်း၊ ရေပေးအဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေအားလျှပ်စစ်ဥမင်လိုဏ်ဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေလှောင်တမံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေပိုလွှဲ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးကျော်စန်းဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းကမုန်းချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းကြီး တစ်ခုလုံး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာနများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရေးမှာကြားသည်။

လှည့်လည်စစ်ဆေး

ထို့နောက် နိုင်ငံတော် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း လုပ်ငန်းခွင်အတွင်း ရေအားလျှပ်စစ် ဥမင်လိုဏ်အဝင် ရေယူအဆောက်အအုံ (Power Intake) တည်ဆောက်ပြီးစီးမှု၊ အောက်ရေပိုလွှဲ အမှတ်(၁) (Spill-way Structure.1) တည်ဆောက်ပြီးစီးမှု၊ အောက်ရေပိုလွှဲအမှတ်(၂)အား စက်ယန္တရားကြီးများဖြင့် တည်ဆောက်နေမှု၊ ရေအားလျှပ်စစ်ဥမင်လိုဏ် အဝင်ပိုင်းနှင့် ရေလွှဲဥမင်လိုဏ်ဆက်သည့်နေရာ ကွန်ကရစ်လုပ်ငန်းဆောင်ရွက်နေမှု၊ ရေအားလျှပ်စစ် ဥမင်လိုဏ်အထွက်ပိုင်းနှင့် ရေလှိုင်ထိန်းစည် (Surge Tank)ဆုံသည့်နေရာအား ကွန်ကရစ်လုပ်ငန်း ဆောင်ရွက်နေမှု၊ ရေပေးအဆောက်အအုံ (Irrigation Outlet) အချောသတ် တည်ဆောက်နေမှုနှင့် မုန်းချောင်း ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မုန်းချောင်းရေအားလျှပ်စစ်စက်ရုံရှိ Central Control Room ၌ ရေအား လျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူး (စက်မှု/လျှပ်စစ်) ဦးစောလွင်က မုန်းချောင်း ရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ချောက်လျှပ်စစ်ဓာတ်အားခွဲရုံသို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်ခြင်းတို့ကို ကွန်ပျူတာထိန်းချုပ်မှုစနစ်ဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် နိုင်ငံတော် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက မုန်းချောင်းရေ အားလျှပ်စစ်စီမံကိန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CITIC Technology Co., Ltd. မှပညာရှင်များအား သစ်သီးခြင်းလက်ဆောင်ပေးအပ်သည်။

မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို စေတုတ္တရာမြို့မြောက်ဘက်နှစ်မိုင်ခန့်အကွာ မုန်းချောင်းပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ စီမံကိန်းပြီးစီးပါက လယ်မြေဧက ၁၀၈၀၀၀ကို ရေပေးဝေနိုင်မည့်အပြင် လျှပ်စစ်ဓာတ်အား နှစ်စဉ် ပျမ်းမျှကီလိုဝပ်နာရီ သန်းပေါင်း ၃၃၀ ကို ထုတ်ပေးသွားနိုင်မည်ဖြစ်သည်။

၁၉၈၈ ခုနှစ် မတိုင်မီ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုအခြေအနေများ စုစုပေါင်း စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၅၈၀ကျော်ရှိရာမှ ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် ရေအားလျှပ်စစ် ဓာတ်အားစက်ရုံ ၂၈ရုံ၊ သဘာဝ ဓာတ်ငွေ့စက်ရုံ ချောက်ရုံ စုစုပေါင်း စက်ရုံ ၃၄ရုံ တိုးချဲ့ပြီး စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၅၆၀ ကျော် ထပ်မံတိုးချဲ့တည်ဆောက်နိုင်ခဲ့သဖြင့် ယခုအခါ မဂ္ဂါဝပ် ၁၂၀၀ခန့် ထုတ်လုပ်နိုင်အားရှိပြီးဖြစ်ကြောင်းနှင့် နိုင်ငံတော်၏ ပေါများကြွယ်ဝသည့် ရေအရင်းအမြစ်များကို အခြေခံပြီး လက်ရှိ တတိယငါးနှစ်စီမံကိန်းကာလတွင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀၀ ထပ်မံတိုးချဲ့ ထုတ်လုပ်ရေးစီမံကိန်းများ ရေးဆွဲကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တွေ့ဆုံ

ယင်းမှတစ်ဆင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် မကွေးမြို့သို့ပြန်လည်ရောက်ရှိကြပြီး မကွေးမြို့ မြို့တော်ခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက မကွေးတိုင်း၏တည်နေရာ၊ ရာသီဥတု၊ မြေအသုံးချမှု၊ ရေသယံဇာတ၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ ဒေသဆန်၊ ဆီဖူလုံမှု၊ အဓိကသီးနှံစိုက်ပျိုးမှု၊ တိရစ္ဆာန်မွေးမြူမှု၊ စက်မှုဇုန်များ ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်နိုင်မှု၊ ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများကမိမိတို့ဌာနအလိုက် လုပ်ငန်းတိုးတက်ဆောင်ရွက်နိုင်မှု အခြေအနေများ၊ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ ဒေသခံ ပြည်သူများက ပါဝင်ဆောင်ရွက်လာအောင် ဌာနဆိုင်ရာများက စည်းရုံးဆောင်ရွက်သွားကြရန်မှာကြားသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ➪



နိုင်ငံတော်လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ် ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များမုန်းချောင်းရေလှောင်တမံ ရေပိုလွှဲ လုပ်ငန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မကွေးဆေးတက္ကသိုလ် ခုတင် (၂၀၀)ဆံ့ သင်ကြားရေးဆေးရုံ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

➪ စာမျက်နှာ ၁၁ မှ

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် မိမိတို့အဖွဲ့အနေဖြင့် ယနေ့ နံနက်ပိုင်းတွင် မကွေးတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ တိုင်းအတွင်း တည်ဆောက်လျက်ရှိသည့် ဆည်မြောင်းတာတမံ စီမံကိန်းများ၊ ရေအားလျှပ်စစ်စီမံကိန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုနေ့လယ်ပိုင်းတွင် တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ဖွယ်ရာများကို မှာကြားသွားမှာဖြစ်ကြောင်း။

နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်လျက်ရှိရာတွင် နှစ်တို၊ နှစ်ရှည် စီးပွားရေးစီမံကိန်းများ ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းစီမံကိန်းများအနက် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆည်မြောင်းတာတမံစီမံကိန်းများ၊ လျှပ်စစ်မြစ်ရေတင် စီမံကိန်းများရေးဆွဲကာ စပါး အပါအဝင် အဓိကသီးနှံ ၁၀ မျိုး တိုးချဲ့စိုက်ပျိုးရေး၊ သတ်မှတ်ထားသည့် ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။ မကွေးတိုင်းသည် မိုးနည်းသည့်ဒေသဖြစ်သဖြင့် တိုင်းအတွင်း စိုက်ပျိုးရေရရှိရေးကို နည်းလမ်းမျိုးစုံဖြင့် အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း။

သီးနှံအထွက်တိုးတက်ရေး

နိုင်ငံတော်က အားထားရသည့် တိုင်းကြီး ခြောက်တိုင်းတွင် မကွေးတိုင်းလည်း တစ်တိုင်းပါဝင်သော်လည်း မကွေးတိုင်းအနေဖြင့် ဒေသဝမ်းစာ ဖူလုံမှု မရှိသေးကြောင်း၊ ထို့ကြောင့် နိုင်ငံတော်က တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့် စိုက်ပျိုးရေရရှိရေး စီမံကိန်းများမှ စိုက်ပျိုးရေများကို အကျိုးရှိရှိ အသုံးချပြီး စိုက်ဧက တိုးတက်ရေး၊ သီးထပ်စိုက်စွမ်းအားတိုးတက်လာရေး သီးနှံအထွက်နှုန်းတိုးတက်ရေးတို့ကို ဖိဖိစီးစီး ဆောင်ရွက်သွားကြရန် လိုကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုးမြေဧက ပိုမိုတိုးတက်လာစေရန်နှင့် သီးထပ်စိုက်ပျိုးမှု စွမ်းအားမြင့်မားလာစေရန်အတွက်၊ ယခုကဲ့သို့ စိုက်ပျိုးရေ ရရှိရေးကို နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးလျက်ရှိခြင်းမှာ၊ နိုင်ငံတော်အတွင်း နောင်တိုးပွားလာမည့် လူဦးရေအတွက်ပါ မျှော်မှန်းပြီး နိုင်ငံသားများ ဝဝလင်လင် ပူပင်ကြောင့်ကျမှု ကင်းစွာဖြင့် နေထိုင်၊ စားသုံးနိုင်ရန်နှင့် ပိုလျှံမှုများ ပိုမိုရရှိရန် ရည်ရွယ်ဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသခံများအားလုံးက ဒေသတွင်း စိုက်ပျိုးရေးကဏ္ဍ တိုးတက်သည်ထက် တိုးတက်အောင် ပိုမိုကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စက်မှုကဏ္ဍဖွံ့ဖြိုးရေး

ထို့ပြင် နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရန်မှာ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအခန်းက ပါဝင်လျက်ရှိကြောင်း၊ စက်မှုကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် စက်မှုဇုန် ၁၉ ဇုန် ဖွဲ့စည်းတည်ထောင်ပေးပြီး ပုဂ္ဂလိကစက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် နည်းလမ်းအသွယ်သွယ်ဖြင့် အားပေးကူညီ တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ပေးနိုင်မည့် ကျွမ်းကျင်သူများ ပေါ်ထွန်းလာစေရန်၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် တက္ကသိုလ်များ၊ ကောလိပ်များ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်သင်တန်းများ ဖွင့်လှစ်ပြီး ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးလျက်ရှိကြောင်း။

လျှပ်စစ်စွမ်းအားလုံလောက်ရေး

နောက်တစ်ချက်မှာ စက်မှုလက်မှုကဏ္ဍအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်စွမ်းအားလုံလောက်စွာ ရရှိစေရန် နိုင်ငံတော်အတွင်း သဘာဝအရင်းအမြစ်များဖြစ်သည့် မြစ်ချောင်းများမှ ရေအားလျှပ်စစ် ထုတ်ယူရရှိရေးကိုလည်း နည်းမျိုးစုံဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ နောင်များမကြာမီ နှစ်ကာလအတွင်း လျှပ်စစ်စွမ်းအားလုံလောက်စွာ အပြည့်အဝရရှိလာတော့မှာဖြစ်ကြောင်း။

ယင်းသို့ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်နည်းတူ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများ၊ ဖွံ့ဖြိုးရေး အထူးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်တို့ကို ချမှတ်ပြီး နိုင်ငံတစ်ဝန်းလုံးပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည်တို့ အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တိုးတက်မှုလမ်းကြောင်းပေါ်ရောက်

ယင်းကဲ့သို့ နိုင်ငံတော်အစိုးရက နိုင်ငံတော်ကြီး အေးချမ်းသာယာ ဖွံ့ဖြိုးအောင် အမြော်အမြင်ရှိရှိ ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်ရောက်ရှိနေပြီဖြစ်ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်နိုင်ရန် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို ချမှတ်ဆောင်ရွက်လျက် ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ယင်းမူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် နိုင်ငံသားအားလုံးက ဝိုင်းဝန်းကြိုးပမ်း သွားကြရမည်ဖြစ်ကြောင်း။

အထူးသဖြင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ကျရာ ဒေသများတွင် ပြည်သူ့အကျိုး၊ ဒေသအကျိုး၊ နိုင်ငံ့အကျိုးကို စေတနာရှိရှိ ကြိုးပမ်းဆောင်ရွက်သွားကြရေး မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

သင်ကြားရေးဆေးရုံ

ယင်းမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် မကွေးဆေးတက္ကသိုလ် ခုတင် (၂၀၀)ဆံ့ သင်ကြားရေးဆေးရုံ တည်ဆောက်ရေးစီမံကိန်းကို ရောက်ရှိကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ရှင်းလင်းခန်းမ၌ အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း ညွှန်ကြားရေးမှူး ဦးသန်းအေးက မကွေးဆေးတက္ကသိုလ် ခုတင် (၂၀၀)ဆံ့ သင်ကြားရေးဆေးရုံ တည်ဆောက်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)က လိုအပ်သည်များကိုမှာကြားပြီး မကွေးဆေးတက္ကသိုလ် ခုတင် (၂၀၀)ဆံ့ သင်ကြားရေးဆေးရုံ တည်ဆောက်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မကွေးဆေးတက္ကသိုလ်

ယင်းမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် မကွေးဆေးတက္ကသိုလ်သို့ ရောက်ရှိကြရာ ပါမောက္ခချုပ်၊ တွဲဖက်ပါမောက္ခ ဌာနမှူးများ၊ မော်ကွန်းထိန်းနှင့် ဆရာ၊ ဆရာမများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား စည်းဝေးခန်းမ၌ မကွေးဆေးတက္ကသိုလ် ပါမောက္ခချုပ် ဦးသန်းမြင့်က မကွေးဆေးတက္ကသိုလ်၏ တည်ဆောက်ရေး၊ သင်ကြားရေး၊ စီမံရေးနှင့်ဝန်ထမ်းရေးရာတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဦးမောင်မောင်ဝင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁)က ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်ဆေးပညာရှင်များ ပေါ်ထွန်းလာရေးအတွက် ဆရာ၊ ဆရာမများအားလုံးက တိုင်းချစ်ပြည်ချစ် မျိုးချစ်စိတ်တို့ဖြင့် သင်ကြားပြသကြရေး မှာကြားသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဇီဝကမ္မဗေဒ လက်တွေ့ခန်း၊ စာကြည့်တိုက်၊ ကွန်ပျူတာခန်းနှင့် မကွေးဆေးတက္ကသိုလ် (Block.C) တည်ဆောက်ရေးစီမံကိန်း တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

လျှပ်စစ်မြစ်ရေတင်

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မကွေးမြို့နယ် သဖန်းဆိပ်ဒေသရှိ သဖန်းဆိပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များအား ရှင်းလင်းခန်းမ၌ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်မောင်က သဖန်းဆိပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက မကွေးတိုင်းအတွင်းရှိ မြစ်ရေတင်လုပ်ငန်းများမှ ရရှိသည့်ရေဖြင့် နှစ်အလိုက် စိုက်ပျိုးနိုင်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဤလျှပ်စစ်မြစ်ရေတင် စီမံကိန်းပြီးစီးပါက ရည်မှန်းချက်အတိုင်း အပြည့်အဝ အကျိုးခံစားနိုင်ရန် ဒေသခံပြည်သူ၊ ဌာနဆိုင်ရာဝန်ထမ်းနှင့် ရေခွဲဝေသုံးစွဲရေး ကြီးကြပ်ဆောင်ရွက်ကြသူများ တက်ညီလက်ညီ ညှိနှိုင်းဆောင်ရွက်နိုင်ရန် ယခုကပင် ကြိုတင်ဆောင်ရွက်ဖွယ်များ ဆောင်ရွက်ထားကြရေး မှာကြားပြီး သဖန်းဆိပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်း ဆောင်ရွက်ထားမှု၊ ဧရာဝတီမြစ် ရေစီးရေလာ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

အထောက်အကူပြုလာမည်

သဖန်းဆိပ် လျှပ်စစ်မြစ်ရေတင် စီမံကိန်း ပြီးစီးပါက မကွေးမြို့နယ် သဖန်းဆိပ်ဒေသရှိ ဧက ၇၂၀၀ခန့်ကို ရေပေးဝေနိုင်မည့်အပြင် မကွေးမြို့ ပတ်ဝန်းကျင် ခုနစ်မိုင် စိမ်းလန်းစိုပြည်ရေးအတွက်ပါ အထောက်အကူပြုလာမည်ဖြစ်သည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မကွေးမြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

အကောက်ခွန် စီမံခန့်ခွဲရေးအဆင့် အရာထမ်းများ သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲရေး အဆင့် အရာထမ်းများသင်တန်း အမှတ်စဉ်(၉)ဆင်းပွဲ အခမ်းအနားကို ယနေ့ ညနေ ၃နာရီတွင် ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဌာန၊လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ဝန်ကြီးက အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ စီမံခန့်ခွဲရေးအဆင့်အရာရှိ ၂၄ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ်ဖြစ်သည်။ (သတင်းစဉ်)

ဝိပဿနာ ခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂

တောင်ဥက္ကလာပမြို့နယ် (၁၄/၂) ရပ်ကွက်၊ ဇင်ယော်လမ်းရှိ သဒ္ဓမ္မပါလ နေ့ဖြူတိုက်သစ်ကျောင်း၌ (၁၁)ကြိမ်မြောက် ဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းတိုက်၏ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်သာသန (သာသနဓဇဓမ္မာစရိယ)က ဝိပဿနာ တရားတော်များကို ဟောကြားပြသမည် ဖြစ်သည်။ စာရင်းပေးထားသူ ယောဂီများ ဧပြီ ၁၀ရက် ညနေ ၆နာရီ အရောက် ကြွရောက်ပါရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)



အထက(၂)အင်းစိန်၏ အခြေခံပညာ အထက်တန်းနှင့် အလယ်တန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲကို မတ် ၃၁ရက်က ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သိန်းဆွေက ကျောင်းသားတစ်ဦးအား လက်မှတ်ပေးအပ်စဉ်။ (က-ပ)

မီးဘေးရှောင် မလောင်ခင်တား

ပြန်ကြားရေး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း မန္တလေးမြို့နှင့်စစ်ကိုင်းမြို့တွင် လုပ်ငန်းများစစ်ဆေး

ရန်ကုန် ဧပြီ ၂

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၁ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့သို့ ရောက်ရှိပြီး၎င်းမှတစ်ဆင့် စစ်ကိုင်းမြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံသို့ ရောက်ရှိသည်။

ဒုတိယဝန်ကြီးသည် စစ်ကိုင်းမြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတွင် ထပ်ဆင့်ထုတ်လွှင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ ထက်အောက်ဘေးနံ ဆက်ဆံမှု မှန်ကန်စွာဖြင့် လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်ကြရန်၊ ဝန်ထမ်းအသစ်များသည် အလုပ်ရုံသင်တန်းသဘောမျိုးခံယူပြီး လက်တွေ့ကျွမ်းကျင်တတ်မြောက်အောင် လက်ဆင့်ကမ်းသင်ယူကြရန်၊ ရုံနယ်မြေအတွင်းရှိ ထပ်ဆင့်လွှင့်စက်ရုံများတွင် မိုးကြိုးလွှဲများကို မိုးမကျမီ အပြီးတပ်ဆင်သွားရန် မှာကြားသည်။

ယင်းနောက် စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို တစ်ဆင့်ချင်းအလိုက် စနစ်တကျဖြစ်ပေါ်လာအောင် လှုပ်ရှားဆောင်ရွက်နေမှုများကို ဒေသခံလူထု ရှင်းလင်းစွာ သိရှိရေးအတွက် နံရံကပ်စာစောင်များဖြင့် ဆောင်ရွက်သွားရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိပြီး အထက်မြန်မာနိုင်ငံ ပုံနှိပ်စက်ဆောက်လုပ်ပြီးစီးမှုနှင့် ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတို့ကို ကြည့်ရှုစစ်ဆေးပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ လေကာပင်များကို ယခုနှစ်ရာသီတွင် အောင်မြင် ဖြစ်ထွန်းအောင် စိုက်ပျိုးရေး မှာကြားသည်။

ဒုတိယဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် မြန်မာ့ရုပ်ရှင်လုပ်ငန်း (အထက်မြန်မာနိုင်ငံရုံးခွဲ) မှ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးဌေးလွင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးမြို့ ကိုယ်ပွားသတင်းစာတိုက်သို့ သွားရောက်စစ်ဆေးပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် စက်များကြံ့ခိုင်အောင် စနစ်တကျ စီမံဆောင်ရွက်သွားရေးမှာကြားသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကျောက်ဆည်အသင်း(ရန်ကုန်) အစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၂

ကျောက်ဆည်အသင်း(ရန်ကုန်)၏ လပတ်အစည်းအဝေးကို မတ်၃၀ ရက်က အသင်းရုံးတည်ရှိရာ (Shop House) တိုက်(၁)၊ အခန်း(၃)၊ အနန္တဂုဏ်ရည်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်တွင် ကျင်းပရာ အသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများနှင့် အမှုဆောင်များ စုံညီစွာ တက်ရောက်ကြသည်။

အစည်းအဝေးမှ ရန်ကုန်ရောက် ကျောက်ဆည်သူကျောက်ဆည်သားများ၏ သာရေး၊နာရေး၊လူမှုရေးကိစ္စများကို ကူညီဆောင်ရွက်ကြရန်နှင့် ကျောက်ဆည်ခရိုင်အတွင်းရှိ မြို့နယ်စာစစ်ဌာနများမှ အခြေခံပညာ အထက်တန်းစာမေးပွဲတွင် သုံးဘာသာနှင့်အထက် ဂုဏ်ထူးရရှိသူများကို ပညာရည်ချွန်ဆုချီးမြှင့်ရေး၊ နှစ်စဉ် သီတင်းကျွတ်လဥ္စကျင်းပမြဲဖြစ်သော ဆင်လှူပွဲ ကျင်းပရေးကော်မတီသို့လှူဒါန်းရေး၊ သီတင်းကျွတ်လပြည့်နေ့၌ကျင်းပသော ရွှေသာလျောင်းစေတီတော်မြတ်ကြီး ဆွမ်းဆက်ကပ်လှူဒါန်းပွဲသို့ အလှူငွေများ ပါဝင်ရေးတို့ကို ဆွေးနွေးဆုံးဖြတ်ကြသည်။ (က-ပ)

ဘိန်းဖြူ ၆၆၉ ဂရမ် လားရှိုး၌ဖမ်းမိ

ရန်ကုန် ဧပြီ ၂

နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်(အထူး)တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မတ် ၂၄ရက်တွင် လားရှိုးမြို့ ရပ်ကွက်(၂) မြို့မစည်ပင်သာယာဈေးအနီးရှိ လက်ဖက်ရည်ဆိုင်၌ မူးယစ်ဆေးဝါးအရောင်းအဝယ်ပြုလုပ်ရန်ရှိကြောင်း သတင်းအရ စောင့်ဆိုင်းနေစဉ် မူးယစ်ဆေးဝါးအရောင်းအဝယ်ပြုလုပ်ရန်ရောက်ရှိလာသူ လားရှိုးမြို့ ရပ်ကွက်(၅) နယ်မြေ(၁၈) နမ့်ဆန်လမ်းနေ ဦးရန်ချောက်ပေါက်၏သမီး မရန်ကွေချင်အား ဘိန်းဖြူ ဆပ်ပြာခွက် ၄၀ စုစုပေါင်းအလေးချိန် ၆၆၉ ဂရမ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး သတင်းကွင်းဆက် ဖော်ထုတ်ချက်အရ ပိုင်ရှင်ဖြစ်သူ လားရှိုးမြို့ ရပ်ကွက်(၆) နယ်မြေ(၉)ရွှေမေတ္တာလမ်းနေ ဦးလောင်ရှန်၏သား ဦးယုန်ဖင့်အား ထပ်မံ ဖမ်းဆီးရမိခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ဖမ်းဆီးရမိတရားခံများနှင့် မူးယစ်ဆေးဝါးများကို သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲ ဆက်လက်ပြသ

ရန်ကုန် ဧပြီ ၂

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲကို ယနေ့နံနက်၉နာရီမှညနေ၆နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ အဌမနေ့အဖြစ် ဆက်လက်ဖွင့်လှစ်ပြသသည်။

ယင်းပြပွဲတွင် တပ်မတော် စစ်သမိုင်းပြတိုက်နှင့် တပ်မတော်ခန်းမရှိ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပြခန်း၌ ဗဟုသုတဉာဏ်စမ်းမေးခွန်းလွှာဖြေဆိုမှု ပြိုင်ပွဲကို နေ့စဉ်မွန်းတည့်၁၂နာရီတွင် ကျင်းပပေးရာ စိတ်ပါဝင်စားသူများ ဝင်ရောက်ဖြေဆိုကြပြီး ဆုရရှိသူများအား နေ့စဉ်ဆုများပေးအပ်ချီးမြှင့်သည်။

ယနေ့ပြပွဲသို့ ရဟန်းရှင်လူပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း၈၇၀ကျော်လာရောက်ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

တပ်မတော်နေ့ စာပေအနုပညာပြပွဲ ဆက်လက်ပြသ

ရန်ကုန် ဧပြီ ၂

(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေအနုပညာ ပြိုင်ပွဲ ပြပွဲကျင်းပရေး ကော်မတီက (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေအနုပညာပြပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဆက်လက်ပြသလျက်ရှိရာ အဆိုပါပြပွဲသို့ ရဟန်းရှင်လူ ပြည်သူများ၊ မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၆၀၀ ကျော် လာရောက်ကြည့်ရှုလေ့လာကြသည်။

ပြပွဲတွင် ကျင်းပလျက်ရှိသော စာပေအနုပညာပြပွဲဆိုင်ရာ ဉာဏ်စမ်းမေးခွန်း ဖြေဆိုပွဲကိုလည်း နေ့စဉ်ကျင်းပပေးပြီး ဆုရရှိသူများအား ပြိုင်ပွဲပြီးလျှင်ပြီးချင်း ဆုငွေများကို ချီးမြှင့်ပေးသည်။

(သတင်းစဉ်)

မြန်မာ့ယဉ်ကျေးမှုသကြ်န်

* အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသကြ်န်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည် ဂက်စ်ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့သူ ထောင်(၁)နှစ်
၂။ ကစားသူ ထောင်(၃)နှစ်
၃။ ထုတ်လုပ်ရောင်းချသူ ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

သတိ

၁။ လေပေါင် ၁၀၀မှ ၁၅၀အထိ အတင်အချ ပြုလုပ်၍ရသည့် **ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအား ထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များအသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။**

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ် **နံနက် ၀၇း၀၀နာရီမှ ၁၈း၀၀နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ၁၈း၀၀နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။**

၃။ **တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူခံရမည်ဖြစ်ပါသည်။**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

သတိ

ရန်ကုန်မြို့တော်အတွင်း ဟွန်းမတီးရ

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

သတိပြုရန်

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန်
(က) မူးယစ်သောက်စား ယာဉ်မမောင်းရ။
(ခ) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင် မမောင်းရ၊ လုမမောင်းရ။
(ဂ) မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
(ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
(စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဝိုးတက်)မပါဘဲ မမောင်းရ။
(ဇ) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
(ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
(ည) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။
၂။ ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။
၃။ "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန် မညစ်နွမ်းပါစေနှင့်"

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ရခိုင်ရိုးရာသင်္ကြန်ပွဲတော်

ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)မှစီစဉ်သည်။

ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို ရိုးရာယဉ်ကျေးမှုထုံးတမ်းစဉ်လာများနှင့်အညီ စည်ကားသိုက်မြိုက်စွာ စည်းကမ်းတကျကျင်းပမည်။

နေရာ။ သိမ်ဖြူကားအမောင်းသင်ကွင်းအတွင်း၊ ကန်ရိပ်သာလမ်းနှင့်ဗညားဒလလမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

နေ့/အချိန်။ ၁၂-၄-၂၀၀၄၊ညနေ ၃နာရီ၊--နံ့သာသွေးပွဲ။

၁၃-၄-၂၀၀၄ နံနက် ၈နာရီ-- ဘုရားရေသပ္ပာယ်ပွဲနှင့် ရခိုင်ရိုးရာသင်္ကြန်ရေလောင်းပွဲ၊

၁၄-၁၅-၁၆-၄-၂၀၀၄၊ နံနက် ၈နာရီမှ ၁၁နာရီနှင့် မွန်းလွဲ၁နာရီမှ ၄နာရီ ရခိုင်ရိုးရာသင်္ကြန်ရေလောင်းပွဲ၊

ရေလောင်းမဏ္ဍပ် ဝင်လိုသူ အမျိုးသမီးများနှင့် စိတ်ပါဝင်စားသူများ အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်ကြပါရန်။

ဒေါ်နုမြဲ ဖုန်း-၃၇၁၅၃၉၊ ဒေါ်စောခင်တင့် ဖုန်း-၇၀၉၇၈၅၊ ဒေါ်မြဝင်း ဖုန်း-၅၇၃၁၄၃၊ ဒေါ်မြမေ ဖုန်း-၂၄၉၉၁၄၊ ဦးသာအေး ဖုန်း-၀၉၈၀ ၂၃၃၈၆၊ ဦးဇော်အေးမောင် ဖုန်း-၂၉၈၁၅၄၊ ဦးလှမြင့် ဖုန်း-၆၈၁၈၂၆၊ ဦးမောင်စောလှ ဓေဝတီကျောင်း ဖုန်း-၃၇၉၈၉၈၊ ဒေါ်ခင်စောဝေ ဖုန်း-၂၈၉၇၄၅။

နိုင်ငံတကာသုံး တရုတ်စကား (အဖတ်၊ အပြော)ကို ကျွမ်းကျင်သော ဆရာမကိုယ်တိုင် တစ်ဦးချင်းအိမ်တိုင်ရာရောက် သင်ကြားပေးသည်။

ဖုန်း-၆၈၄၆၃၄။

အိမ်ရောင်းမည်

စမ်းချောင်း၊ ဗဟိုလမ်းမပေါ် ၂၅'X၅၀' နှစ်ထပ်တိုက်၊ မီးဖို၊ ရေချိုးခန်း၊ အိမ်သာကြွေပြားခင်း/ကပ်၊ အဝီစိတွင်း၊ ဖုန်းပါ၊ ဘိုးဘွားပိုင်။ ဖုန်း-၅၂၆၆၆၆

ကံ့ကော်မြိုင်သာသနာ့ရိပ်သာတရားစခန်း

ရန်ကုန် ဧပြီ ၂

သဃ်္ဃန်းကျွန်းမြို့နယ်၊ ၈/တောင်ရပ်ကွက်၊ ကံ့ကော်မြိုင်သာသနာ့ရိပ်သာစာသင်တိုက် (၁၄)ကြိမ်မြောက် ဝိပဿနာ ၁၀ရက် တရားစခန်းကို ဧပြီ ၈ရက်မှ ၁၇ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်မည့်သူများသည် ဧပြီ ၄ရက်(တနင်္ဂနွေနေ့)ညနေ ၅နာရီနောက်ဆုံးထား၍ စာရင်းပေးသွင်းရန်နှိုးဆော်ထားသည်။

(က-ပ)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

အခြေခံနည်းပညာကျွမ်းကျင်မှုသင်တန်းနှင့်ကွန်ပျူတာကျွမ်းကျင်မှု သင်တန်းများအတွက် သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရကွန်ပျူတာကောလိပ်များတွင် ၁-၄-၂၀၀၄တွင် ဖွင့်လှစ်မည့် အခြေခံနည်းပညာကျွမ်းကျင်မှုသင်တန်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုသင်တန်းများတွင် တက်ရောက်ရန် ၂၀၀၃ခုနှစ် မတ်လတွင် ကျင်းပသော အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူများနှင့် ၂၀၀၄ခုနှစ် မတ်လတွင် ကျင်းပသော အခြေခံပညာအထက်တန်းစာမေးပွဲ ဖြေဆိုထားသူများ လျှောက်ထားနိုင်ပါသည်။

၂။ ပထမ(၄)လသင်တန်းအောင်မြင်ပြီး အခြေခံပညာအထက်တန်းအောင်မြင်ပါက ဒုတိယ(၄)လသင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်။ ဒုတိယ(၄)လသင်တန်းအောင်မြင်ပြီးဆုံးပါက အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရကွန်ပျူတာကောလိပ်များတွင် ဖွင့်လှစ်မည့် ပထမနှစ်သင်တန်းများသို့ တိုက်ရိုက်တက်ရောက်ခွင့်ပြုမည်။

၃။ ပထမ(၄)လသင်တန်းအောင်မြင်ပြီးလျှင်လည်းကောင်း၊ ဒုတိယ(၄)လသင်တန်းအောင်မြင်ပြီးလျှင်လည်းကောင်း ကျွမ်းကျင်မှုလက်မှတ်အသီးသီးကို ချီးမြှင့်ပေးမည်။

၄။ အသေးစိတ်သိရှိလိုသော အချက်အလက်များအား သက်ဆိုင်ရာအစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရကွန်ပျူတာကောလိပ်များတွင် စုံစမ်းနိုင်ပါသည်။

မဟာသင်္ကြန်ရက်များတွင် စက်သုံးဆီဆိုင်များ ဖွင့်မည်

ရန်ကုန် ဧပြီ ၂

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ရန်ကုန်တိုင်းအတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များကို မဟာသင်္ကြန် ရုံးပိတ်ရက်များအတွင်း ပုံမှန်ဖွင့်လှစ်ရောင်းချမည် ဖြစ်သည်။

(သတင်းစဉ်)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန(ရုံးချုပ်)
B.Tech ဒုတိယနှစ်သင်တန်းဖွင့်လှစ်ရန်ကြေညာခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ အစိုးရနည်းပညာကောလိပ်များတွင် ၂၆-၁-၂၀၀၄ မှ ၆-၂-၂၀၀၄တွင် ကျင်းပခဲ့သော B.Tech ပထမနှစ်သင်တန်းအသီးသီး၏ စာမေးပွဲအောင်စာရင်းကို ၂၉-၃-၂၀၀၄နေ့တွင် ထုတ်ပြန်ကြေညာပြီးဖြစ်၍ B.Tech ဒုတိယနှစ်သင်တန်းများကို ၁-၄-၂၀၀၄နေ့တွင် စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

စက်မှုနှင့်သက်မွေးပညာဦးစီးဌာန။

သုဝဏ္ဏမြို့ (၂၉)ရပ်ကွက်လုံးဆိုင်ရာ အထူးတရားပွဲ

ရန်ကုန် ဧပြီ ၂

သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့ (၂၉)ရပ်ကွက်လုံးဆိုင်ရာ အထူးတရားပွဲကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့တွင် ဧပြီ ၄ရက်မှ ၆ရက်အထိ ညစဉ် ၆နာရီ၌ ကျင်းပမည်ဖြစ်သည်။ ဧပြီ ၄ရက်တွင် သုဝဏ္ဏသိင်္ဂီမေမ္မရိပ်သာ ဦးစီးပဓာနနာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကစ္စာယန (မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်နာယကဆရာတော်)က လည်းကောင်း၊ ဧပြီ ၅ရက်တွင် တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ (ရေစကြိုဆရာတော်)က လည်းကောင်း၊ ဧပြီ ၆ ရက်တွင် ပုဇွန်တောင်မြို့နယ် သီရိမင်္ဂလာကျောင်း ဆရာတော် ဓမ္မကထိက အရှင်ဉာဏိဿရက လည်းကောင်း ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

အမည်ပြောင်းခြင်း

ဦးကျော်သန်း၏သမီး မြောက်ဦးမြို့၊ အထက၊ သတ္တမတန်း(A)မှ မနွယ်နွယ်ခိုင်အား မနွယ်နွယ်မိုးဟု အမည်ပြောင်းလဲခေါ်ပါရန်။

မနွယ်နွယ်မိုး။





၂၀၀၄ ခုနှစ်၊ နှစ်သစ်ကူးသင်္ကြန် လက်ဆောင်ပေးနေပါပြီ။

ဖိုးလပြည့်ကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသော **Scorpion C Plus (Orange)** သီးစုံ အားဖြည့်အချိုရည်ဘူးများကို သောက်သုံးသူပြည်သူများအား ပြန်လည်တုံ့ပြန်သောစေတနာဖြင့် အောက်ပါအတိုင်းအထူးဈေးနှုန်းများနှင့် (၂.၄.၂၀၀၄) မှ (၁၀.၄.၂၀၀၄)နေ့အထိ(၉)ရက်တိတိ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချလိုက်ပါပြီ။

ရတနာ့ကုန် ၂၀၀၄ ဖြင့် ရောင်းချခြင်းဖြစ်ပါ၍ ဈေးကွက်ရှိ ဖြန့်ချိရေးကားများ ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။ ရုံးခွဲများတွင်လည်း တိုက်ရိုက်ဝယ်ယူနိုင်ပါသည်။

မဟာသင်္ကြန်ရက်အတွင်း

(၁) အလှူအတန်း ပြုလုပ်လိုသူများ။

(၂) ရဟန်းသံဃာတော်များအတွက် လှူဒါန်းလိုသူများ။

(၃) တရားရိပ်သာများ၌ တရားစခန်းဝင်သူများ။

(၄) C Plus(Orange) အချိုရည်ကို နှစ်ခြိုက်စွာသောက်သုံးသူများ။

(၅) တစ်ဆင့်ပြန်လည်ရောင်းချလိုသူများ။

ဆက်သွယ်ရန်လိပ်စာ---

ရန်ကုန်ရုံးချုပ် - အမှတ်(၅၂/၅၃) စက်မှုဇုန်(၄)လမ်း၊ (စ)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၄၃၃၃၅ ၅၃၀၃၀၁၊ ၅၇၅၂၂၅ ဖက်စ်-၀၁-၂

မန္တလေးရုံးခွဲ - အမှတ်(၈/၁၅) ကျွဲဆည်တန်(၂)လမ်းထိပ်၊ ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေး၊ မန္တလေးမြို့။
ဖုန်း-၀၂-၇၀၃၄၂ ၇၀၃၀၉။

ပြည်ရုံးခွဲ - အမှတ်(၃၀၆) ပန်းဘဲတန်းလမ်း၊ ဆံတော်ရပ်၊ ပြည်မြို့။
ဖုန်း-၀၅၃-၂၁၃၄၃ ၂၁၃၄၀

နိုင်ငံတကာအဆင့်မီ
ရွှေနန်းတော်
စိန်ရွှေရတနာဆိုင် မိသားစု၏

၂၀၀၄ ခုနှစ် နှစ်သစ်ကူး အထူးအစီအစဉ်

စတုဒိသာပွဲတော်

ဧပြီလ (၁)ရက်နေ့မှ (၁၁)ရက်နေ့အထိ

နိုင်ငံတကာအဆင့်မီ ရွှေနန်းတော် စိန်ရွှေရတနာဆိုင် (၂)ဆိုင်စလုံးတွင် ဝယ်ယူအားပေးကြသူများကို
စတုဒိသာအချိုရည် မျိုးစုံတို့ဖြင့် နေ့စဉ်ဧည့်ခံ ကြိုဆိုပါမည်။

၂၁ ရာစု ရွှေခေတ်ရဲ့ ထူးထူးခြားခြား ဦးဦးဖျားဖျား

ရွှေ Online အစီအစဉ်
စတင်လိုက်ပါပြီ...

Online စိန်ရွှေရတနာ

Golden Palace Diamond Card

E-mail: ... Website: www.goldenpalacejewellery.com

(၁၀)နှစ်ပြောက် မင်္ဂလာဆုမွန်လွှာ

ချစ်ဖေဖေ ဒေါက်တာအောင်ကျော်ဝင်းနှင့် ချစ်မေမေ ဒေါက်တာ သက်သက်ခိုင်တို့၏ (၃-၄-၂၀၀၄) နေ့တွင်ကျရောက်သော (၁၀)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် လိုရာဆန္ဒပြည့်ဝသော စိတ်ကြည်နူးချမ်းမြေ့ဖွယ်ရာ မိသားစုဘဝကို သမီးလေးနှင့်အတူ ထာဝရ ရယူပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ချစ်သောဖေဖေနှင့် ချစ်သောမေမေတို့၏ သမီးလေးအပေါ်ထားရှိသော တုနှိုင်းမရသည့် မေတ္တာတရား ပေးဆပ်၍ မကုန်နိုင်သော ကျေးဇူးတရားများကိုလည်းကိုကို နေ့စဉ်ဖြင့် ကန်တော့ပန်းဆင်လျက်....

ချစ်သမီးလေး သက်ရတနာကျော်ဝင်း @ Grace Wan; (Y.I.E.C)

(၁၀)နှစ်ပြောက် မင်္ဂလာဆုမွန်လွှာ

ဒေါက်တာအောင်ကျော်ဝင်းနှင့် ဒေါက်တာသက်သက်ခိုင် တို့၏ (၃-၄-၂၀၀၄) နေ့တွင် ကျရောက်သော (၁၀) နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်စိတ်ကျန်းမာခြင်း စိတ်ချမ်းသာခြင်းတို့ဖြင့် ပြည့်စုံလျက် ချစ်စွာသော မိသားစု ချစ်စွာသော မိတ်ဆောက်ဆွေမျိုးလုပ်ဖော်ကိုင်ဖက်များ ဝန်ထမ်းများနှင့်အတူ အောင်မြင်ပျော်ရွှင်သော ဘဝကို ထာဝရ ရယူပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

နိုင်ငံတကာအဆင့်မီ ရွှေနန်းတော် စိန်ရွှေရတနာဆိုင် (၂)ဆိုင်စလုံးမှ
ဝန်ထမ်းများ

ဆိုင်ဖွင့်ပွဲ၃နှစ်ပြည့်အထူး
30% Off



အရှေ့တိုင်းမျက်မှန်

ခေတ်မီလှပ်ရှားကျော်ကြားသော မှန်ဘီလူး မျက်မှန်များ အထူးလျှော့ဈေး
၃၆၁၊ ရွှေဘုံသာအထက်လမ်း။ 280458
၁၁၅၊ ပထမထပ်၊ ယုဇနပလာဇာ။

KMD COMPUTER CENTRE
i-Office သင်တန်း
Digital Camera, Scanner, USB Drive, CD Writer ...
Broadband ...

ရွှေသတင်း
Ph: 211622

အမည်ပြောင်းခြင်း

ဦးကိုကိုကြီး၏သမီး အထက(၂) အင်းစိန် န၀မတန်း(B)မှ မဟေမာကိုကိုအား မဆုလှဲ့ရတနာဟု အမည်ပြောင်းလဲခေါ်ပါရန်။

မဆုလှဲ့ရတနာ။

ကျွန်ုပ်တို့ရေကူးသင်တန်း

3 kW

SALES CENTERS ၁-၄-၂၀၀၄ မှ ၃၁-၅-၂၀၀၄ အထိ

သျှောင်းသာရောင်

ကွယ်လွန်သူတရားခံ၏ တရားဝင်ကိုယ်စားလှယ်ထံသို့ပေးရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုခဥပဒေအမိန့်အမှတ် -၂၂၊ နည်းဥပဒေ -၄)
ရန်ကုန်တိုင်းတရားရုံး၊ တွဲဖက်တိုင်းတရားသူကြီး -၇
နယ်တရားမရုံးတော်၌
၂၀၀၀ခုနှစ်၊ တရားမမှုအမှတ် -၄၂၀ဆက်သွယ်သည့်
၂၀၀၄ခုနှစ်၊ တရားမဇာရီမှုအမှတ် -၂၄

ဦးအောင်ဖေပါ-၁၀ **နှင့်** ဦးမျိုးတင့်ပါ-၂

တရားလို 　　　　 **တရားခံ**

ဒေါ်မြင့်မြင့်ဝေ (ကွယ်လွန်သူ ဦးမျိုးတင့်၏ဇနီး)အမှတ်-၃၆၊ ၁၆၆လမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

၂၀၀၄ခုနှစ်၊ ဇန်နဝါရီလ၁၃ရက်နေ့တွင် တရားလို ဦးအောင်ဖေပါ-၁၀ဦးတို့က ဤရုံးတော်၌ တရားခံ ဦးမျိုးတင့် ကွယ်လွန်သူအပေါ်တွင် တရားစွဲဆိုရာ သင်သည် ဆိုခဲ့သောကွယ်လွန်သူဦးမျိုးတင့်၏ တရားဝင်ကိုယ်စားလှယ်ဖြစ်ကြောင်း။ ၎င်းကွယ်လွန်သူ၏အစား သင့်ကိုတရားခံဖြည့်သွင်းပါမည့်အကြောင်း အထက်ဆိုခဲ့သော တရားလိုက လျှောက်ထားသောကြောင့် ၎င်းအမှုကိုထုချေရန် ဤရုံးတော်သို့ ၂၀၀၄ခုနှစ်၊ ဧပြီ ၂၀ရက် (၁၃၆၆ခုနှစ်၊ ကဆုန်လဆန်း၂ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်လာရောက်ရမည်။ အထက်ဆိုခဲ့သောနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် ဆိုခဲ့သောအမှုကို သင့်ကွယ်ရာတွင် ဆိုင်ဆိုကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၀၄ခုနှစ်၊ မတ်လ ၃၀ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

နန်းညွှန့်နွယ်
တွဲဖက်တိုင်းတရားသူကြီး(၇)
ရန်ကုန်တိုင်းတရားရုံး။

ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့် -၂၁၊ နည်းဥပဒေ -၂၂)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၀ခုနှစ်၊ တရားမကြီးမှုအမှတ် -၄၂၀နှင့်ဆက်သွယ်သည့်
၂၀၀၄ခုနှစ်၊ တရားမဇာရီမှုအမှတ် -၂၄

၁။ ဦးအောင်ဖေ	နှင့်	၁။ ဦးမျိုးတင့်(ကွယ်လွန်)
၂။ ဒေါ်အုန်းကြည်		၂။ ဦးဖုန်းတင့်
၃။ ဒေါ်ခင်မမ		
၄။ ဒေါ်တင်တင်မာ		
၅။ မညိုညိုမာ		
၆။ မဌွေးဌွေးဝင်း(ခ)မဖြူ		
၇။ မခင်မာအေး		
၈။ မစန္ဒာဝင်း		
၉။ ဒေါ်ကြူကြူ		
၁၀။ ဒေါ်တင်တင်ကြွေ		
ဒီကရီနိုင်ရသူများ		**တရားရှုံးများ**

အမှတ်-၆၊ ပေါက်မြိုင်လမ်းထိပ်(ဈေးအနောက်ဘက်) လယ်ဝေးမြို့နယ်၊ ပျဉ်းမနားခရိုင်၊ မန္တလေးတိုင်းနေ (ယခုနေရပ်လိပ်စာမသိသူ) ဦးဖုန်းတင့်သိစေရမည်။

